# ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကွန်ဗန်းရှင်း

# UNITED NATIONS CONVENTION ON THE RIGHTS OF PERSONS WITH DISABILITIES

## မာတိကာ

| | | |
|---|---|---|
| နိဒါန်း | | ၁ |
| အပိုဒ်(၁) | ရည်ရွယ်ချက် | ၇ |
| အပိုဒ်(၂) | အဓိပ္ပါယ်ဖွင့်ဆိုချက် | ၇ |
| အပိုဒ်(၃) | အခြေခံမူများ | ၉ |
| အပိုဒ်(၄) | လိုက်နာရမည့် တာဝန်ဝတ္တရားများ | ၉ |
| အပိုဒ်(၅) | တန်းတူအခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှုမရှိစေရေး | ၁၃ |
| အပိုဒ်(၆) | မသန်စွမ်းအမျိုးသမီးများ | ၁၄ |
| အပိုဒ်(၇) | မသန်စွမ်းကလေးသူငယ်များ | ၁၄ |
| အပိုဒ်(၈) | အသိပညာမြင့်မားရေး | ၁၅ |
| အပိုဒ်(၉) | လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်း | ၁၆ |
| အပိုဒ်(၁၀) | အသက်ရှင်သန်ခွင့် | ၁၈ |
| အပိုဒ်(၁၁) | ဘေးအန္တရာယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများတန်းတူရရှိရေး | ၁၉ |
| အပိုဒ်(၁၂) | ဥပဒေအရ တန်းတူအခွင့်အရေးရှိမှုအားအသိအမှတ်ပြုခြင်း | ၁၉ |
| အပိုဒ်(၁၃) | တရားမျှတမှုရရှိနိုင်ခွင့် | ၂၀ |
| အပိုဒ်(၁၄) | လုံခြုံမှုနှင့် လွတ်လပ်ခွင့် ရရှိစေရေး | ၂၁ |
| အပိုဒ်(၁၅) | လူသားမဆန်သော ပြုမူခြင်းမှကင်းလွတ်စေခြင်း | ၂၂ |
| အပိုဒ်(၁၆) | ခေါင်းပုံဖြတ်ခြင်း၊အကြမ်းဖက်ခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကင်းလွတ်မှုရရှိစေရေး | ၂၂ |
| အပိုဒ်(၁၇) | လူ့ဂုဏ်သိက္ခာကိုအကာအကွယ်ပေးခြင်း | ၂၄ |
| အပိုဒ်(၁၈) | ရွှေ့ပြောင်းသွားလာခွင့်နှင့်နိုင်ငံသားခံယူခွင့် | ၂၄ |
| အပိုဒ်(၁၉) | လူ့အသိုင်းအဝိုင်းတွင်းလွတ်လပ်စွာနေထိုင်ခွင့် | ၂၅ |
| အပိုဒ်(၂၀) | ကိုယ်တိုင်လှုပ်ရှားသွားလာနိုင်မှု | ၂၆ |
| အပိုဒ်(၂၁) | ထင်မြင်ယူဆချက်များအားလွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သတင်းအချက်အလက်များရရှိပိုင်ခွင့် | ၂၇ |
| အပိုဒ်(၂၂) | ပုဂ္ဂိုလ်ရေးကိစ္စကိုလေးစားခြင်း | ၂၈ |
| အပိုဒ်(၂၃) | နေအိမ်နှင့်မိသားစုကိုလေးစားခြင်း | ၂၈ |
| အပိုဒ်(၂၄) | ပညာရေး | ၃၀ |

Content

Preamble

| | | |
|---|---|---|
| Article 1 | Purpose | 7 |
| Article 2 | Definations | 7 |
| Article 3 | General Principles | 9 |
| Article 4 | General Obligation | 9 |
| Article 5 | Equlity and non-discrimination | 13 |
| Article 6 | Women with disabilities | 14 |
| Article 7 | Children with disabilities | 14 |
| Article 8 | Awareness-raising | 15 |
| Article 9 | Accessibility | 16 |
| Article 10 | Right to life | 18 |
| Article 11 | Situations of risk and humanitarian emergencies | 19 |
| Article 12 | Equal recognition before the law | 19 |
| Article 13 | Access to justice | 20 |
| Article 14 | Liberty and security of the person | 21 |
| Article 15 | Freedom from torture or cruel, inhuman or degrading treatment or punishment | 22 |
| Article 16 | Freedom from exploitation, violence and abuse | 22 |
| Article 17 | Protecting the integrity of the person | 24 |
| Article 18 | Liberty of movement and nationality | 24 |
| Article 19 | Living independently and being included in the community | 25 |
| Article 20 | Personal mobility | 26 |
| Article 21 | Freedom of expression and opinion, and access to information | 27 |
| Article 22 | Respect for privacy | 28 |
| Article 23 | Respect for and the family | 28 |
| Article 24 | Education | 30 |

အပိုဒ်(၂၅) ကျန်းမာရေး ၃၃
အပိုဒ်(၂၆) ထူထောင်မှုနှင့် ပြန်လည်ထူထောင်မှု ၃၅
အပိုဒ်(၂၇) လုပ်ငန်းနှင့်အလုပ်အကိုင် ၃၆
အပိုဒ်(၂၈) ပြည့်စုံသောလူနေမှုအဆင့်အတန်းနှင့်လူမှုရေးအကာအကွယ် ၃၉
အပိုဒ်(၂၉) နိုင်ငံရေးနှင့်ပြည်သူ့ဘဝနယ်ပယ်များတွင်ပါဝင်ဆောင်ရွက်ခြင်း ၄၀
အပိုဒ်(၃၀) ယဉ်ကျေးမှုအပန်းဖြေမှုအားလပ်ခွင့်နှင့်အားကစားနယ်ပယ် များတွင် ပါဝင်ဆောင်ရွက်ခြင်း ၄၂
အပိုဒ်(၃၁) စာရင်းအင်းနှင့်အချက်အလက်များ ကောက်ယူစုဆောင်းခြင်း ၄၄
အပိုဒ်(၃၂) နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ၄၅
အပိုဒ်(၃၃) အမျိုးသားအဆင့်အကောင်အထည်ဖော်ခြင်းနှင့်ကြီးကြပ်ခြင်း ၄၆
အပိုဒ်(၃၄) မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကော်မတီ ၄၇
အပိုဒ်(၃၅) အဖွဲ့ဝင်နိုင်ငံများမှအစီရင်ခံခြင်း ၅၀
အပိုဒ်(၃၆) အစီရင်ခံစာများကိုစဉ်းစားဆုံးဖြတ်ခြင်း ၅၁
အပိုဒ်(၃၇) အဖွဲ့ဝင်နိုင်ငံများနှင့် ကော်မတီကြားပူးပေါင်းဆောင်ရွက်ခြင်း ၅၂
အပိုဒ်(၃၈) ကော်မတီနှင့် အခြားအဖွဲ့အစည်းများအကြားဆက်ဆံရေး ၅၃
အပိုဒ်(၃၉) ကော်မတီ၏ အစီရင်ခံစာ ၅၄
အပိုဒ်(၄၀) အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ ၅၄
အပိုဒ်(၄၁) သဘောတူစာချုပ်ကို ထိန်းသိမ်းဆောင်ရွက်သူ ၅၅
အပိုဒ်(၄၂) လက်မှတ်ရေးထိုးခြင်း ၅၅
အပိုဒ်(၄၃) စာချုပ်ချုပ်ဆိုရန် သဘောတူညီချက် ၅၅
အပိုဒ်(၄၄) ဒေသဆိုင်ရာအဖွဲ့အစည်းများ ၅၅
အပိုဒ်(၄၅) သဘောတူစာချုပ်အာဏာသက်ရောက်ခြင်း ၅၆
အပိုဒ်(၄၆) ခြွင်းချက် ၅၇
အပိုဒ်(၄၇) ပြင်ဆင်ချက် ၅၇
အပိုဒ်(၄၈) ပျက်ပြယ်ကြောင်းကြေငြာခြင်း ၅၈
အပိုဒ်(၄၉) အများဖတ်ရှုလေ့လာနိုင်သောပုံစံ ၅၉
အပိုဒ်(၅၀) တိကျမှန်ကန်စွာဘာသာပြန်ဆိုခြင်း ၅၉
နောက်ဆက်တွဲသဘောတူစာချုပ် ၆၀

| | | |
|---|---|---|
| Article 25 | Health | 33 |
| Article 26 | Habilitation and rehabilitation | 35 |
| Article 27 | Work and employment | 36 |
| Article 28 | Adequate standard of living and social protection | 39 |
| Article 29 | Participation in political and public life | 40 |
| Article 30 | Participation in cultural life, recreation, leisure and sport | 42 |
| Article 31 | Statistics and data collection | 44 |
| Article 32 | International cooperation | |
| Article 33 | National implementation and monitoring | 46 |
| Article 34 | Committee on the Rights of Persons with Disabilities | 47 |
| Article 35 | Reports by States Parties | 50 |
| Article 36 | Consideration of reports | 51 |
| Article 37 | Cooperation between States Parties and the Committee | 52 |
| Article 38 | Relationship of the Committee with other bodies | 53 |
| Article 39 | Report of the Committee | 54 |
| Article 40 | Conference of States Parties | 54 |
| Article 41 | Depositary | 55 |
| Article 42 | Signature | 55 |
| Article 43 | Consent to be bound | 55 |
| Article 44 | Regional integration organizations | 55 |
| Article 45 | Entry into force | 56 |
| Article 46 | Reservations | 57 |
| Article 47 | Amendments | 57 |
| Article 48 | Denunciation | 58 |
| Article 49 | Accessible format | 59 |
| Article 50 | Authentic texts | 59 |
| Optional Protocol | | 60 |

# ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကွန်ဗန်းရှင်း

# CONVENTION ON THE RIGHTS OF PERSONS WITH DISABILITIES

## ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း

**နိဒါန်း**

ဤသဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံများသည်

(က) လူမျိုးသားစုဝင်လူသားအားလုံး၏ မွေးရာပါဂုဏ်သိက္ခာ၊ လူ့တန်ဖိုးနှင့်တန်းတူညီမျှမှုစသည့် အခွင့်အရေးများသည် ကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှု၏ အခြေခံအုတ်မြစ်များဖြစ်သည်ဟု ကုလသမဂ္ဂပဋိညာဉ်စာချုပ်တွင် ထုတ်ပြန်ကြေညာထားချက်အား ပြန်လည်အမှတ်ရ၍လည်းကောင်း၊

(ခ) မည်သူမဆိုလူသားအားလုံးနှင့်သက်ဆိုင်သည့် လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် မည်သည့် အခွင့်အရေးကိုမဆို အမျိုးအစားခွဲခြားမှုမရှိဘဲ ခံစားပိုင်ခွင့်ရှိသည်ဟု ကုလသမဂ္ဂကထုတ်ပြန်ကြေညာထားခြင်းကို အသိအမှတ်ပြု၍လည်းကောင်း၊

(ဂ) မသန်စွမ်းသူများသည် ခွဲခြားဆက်ဆံမှုမရှိဘဲ လူ့အခွင့်အရေးများ အပြည့်အဝခံစားနိုင်စေရန်အတွက် ၎င်းတို့၏လိုအပ်ချက်များနှင့် လူ့အခွင့်အရေးအားလုံး၊ အခြေခံ လွတ်လပ်ခွင့်အားလုံးတို့သည် တစ်ပေါင်းတစ်စည်းတည်းဖြစ်ခြင်း၊ တစ်သားတည်းဖြစ်ခြင်း၊ အပြန်အလှန်မှီခိုခြင်း၊ အပြန်အလှန်ဆက်စပ်မှုရှိခြင်းတို့ကို ထပ်မံအခိုင်အမာပြုရန်လည်းကောင်း၊

(ဃ) နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူ စာချုပ်၊ နည်းမျိုးစုံဖြင့် လူမျိုးစုခွဲခြား ဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်၊ ညှဉ်းပန်းနှိပ်စက်မှုနှင့်

## CONVENTION ON THE RIGHTS OF PERSONS WITH DISABILITIES

### Preamble

*The States Parties to the present Convention*,

(a) *Recalling* the principles proclaimed in the Charter of the United Nations which recognize the inherent dignity and worth and the equal and inalienable rights of all members of the human family as the foundation of freedom, justice and peace in the world,

(b) *Recognizing* that the United Nations, in the Universal Declaration of Human Rights and in the International Covenants on Human Rights, has proclaimed and agreed that everyone is entitled to all the rights and freedoms set forth therein, without distinction of any kind,

(c) *Reaffirming* the universality, indivisibility, interdependence and interrelatedness of all human rights and fundamental freedoms and the need for persons with disabilities to be guaranteed their full enjoyment without discrimination,

(d) *Recalling* the International Covenant on Economic, Social and Cultural Rights, the International Covenant on Civil and Political Rights, the International Convention on the Elimination of All Forms of Racial Discrimination, the Convention on the Elimination of All

အခြားရက်စက်မှုများ၊ လူသားမဆန်သော (သို့) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော အပြုအမူများ(သို့) ပြစ်ဒဏ်များအား ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် နိုင်ငံကူးပြောင်းအလုပ်သမားများနှင့် ၄င်းတို့၏ မိသားစုများ၏ အခွင့်အရေးများအား အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်တို့ကို ပြန်လည်အမှတ်ရ၍လည်းကောင်း၊

(င) မသန်စွမ်းဖြစ်မှုသည် အဆင့်ဆင့်ပြောင်းလဲလာသောသဘောတရားဖြစ်ကြောင်း၊ မသန်စွမ်းမှုဖြစ်ခြင်းသည် ချို့ယွင်းအားနည်းချက်ရှိသူများနှင့် ၄င်းတို့အနေဖြင့် လူ့အဖွဲ့ အစည်းအတွင်း အများနည်းတူ အပြည့်အဝထိရောက်စွာ ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဟန့်တားနေသော သဘောထားနှင့် ပတ်ဝန်းကျင် ဆိုင်ရာ အတားအဆီးများအကြား အပြန်အလှန်တုံ့ပြန် အကျိုးသက်ရောက်မှုမှ ပေါ်ပေါက်လာကြောင်းကို အသိအမှတ်ပြု၍လည်းကောင်း၊

(စ) မသန်စွမ်းသူများ၏အခွင့်အရေးတန်းတူညီမျှမှု ပိုမိုရရှိစေရန်အတွက် နိုင်ငံအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတကာ အဆင့်တို့၌ မူဝါဒများ၊ စီမံကိန်းများ၊ လုပ်ငန်း အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များတိုးတက်ရေး၊ ချမှတ်ရေးနှင့် ပြန်လည်သုံးသပ်ရေးတို့တွင် မသန်စွမ်းသူများနှင့်ပတ်သက်သော ကမ္ဘာ့ ရေးလုပ်ငန်းစဉ်နှင့် မသန်စွမ်းသူများအတွက် အခွင့်အရေးညီမျှစေခြင်းဆိုင်ရာ စံပြုအပ်သော စည်းမျဉ်းတို့တွင်ပါဝင်သော အခြေခံမူများနှင့်မူဝါဒ၊ လမ်းညွှန် ချက်များ၏ အရေးပါမှုကို အသိအမှတ်ပြု၍လည်းကောင်း၊

(ဆ) ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများချမှတ်ရာတွင် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကိုအဓိကကျသည့်အချက်တစ်ချက်အဖြစ်ထည့်သွင်း ထားရှိရန် အရေးကြီးကြောင်းကို အထူးအလေးထားဖော်ပြသည့်အနေဖြင့်လည်းကောင်း၊

Forms of Discrimination against Women, the Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment, the Convention on the Rights of the Child, and the International Convention on the Protection of the Rights of All Migrant Workers and Members of Their Families,

(e) *Recognizing* that disability is an evolving concept and that disability results from the interaction between persons with impairments and attitudinal and environmental barriers that hinders their full and effective participation in society on an equal basis with others,

(f) *Recognizing* the importance of the principles and policy guidelines contained in the World Programme of Action concerning Disabled Persons and in the Standard Rules on the Equalization of Opportunities for Persons with Disabilities in influencing the promotion, formulation and evaluation of the policies, plans, programmes and actions at the national, regional and international levels to further equalize opportunities for persons with disabilities,

(g) *Emphasizing* the importance of mainstreaming disability issues as an integral part of relevant strategies of sustainable development,

(ဇ) မသန်စွမ်းမှုကိုအကြောင်းပြု၍ လူတစ်ဦးတစ်ယောက်အား ခွဲခြားဆက်ဆံခြင်းသည် မွေးရာပါ လူ့ဂုဏ်သိက္ခာနှင့် လူ့တန်ဖိုးကို ချိုးဖောက်ခြင်းဖြစ်ကြောင်းကို အသိအမှတ်ပြု၍လည်းကောင်း၊

(ဈ) မသန်စွမ်းသူအမျိုးအစား အမျိုးမျိုးကွဲပြားခြားနားနေခြင်းကို အသိအမှတ်ပြု၍လည်းကောင်း၊

(ည) အနီးကပ်ကူညီပံ့ပိုးပေးရန် လိုအပ်သူများအပါအဝင် မသန်စွမ်းသူအားလုံး၏ အခွင့်အရေးများကို တိုးမြှင့်ပေးရန်နှင့် အကာအကွယ်ပေးရန် လိုအပ်ချက်ကို သတိမူ၍ လည်းကောင်း၊

(ဋ) ယင်းသို့သော သဘောတူစာချုပ်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများရှိနေသော်လည်း မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းအတွင်း၌ ၎င်းတို့၏ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ရေး၌ အဟန့်အတားများကို ကြုံတွေ့နေရဆဲဖြစ်ကြောင်းနှင့် ကမ္ဘာ့နေရာ အနှံ့အပြားတွင် ၎င်းတို့၏လူ့အခွင့်အရေးများကို ချိုးဖောက်ခံနေရဆဲ ဖြစ်ကြောင်းကို စိုးရိမ်ပူပန်မိ၍လည်းကောင်း၊

(ဌ) နိုင်ငံတိုင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌မသန်စွမ်းသူများ၏လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက်ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှု၏အရေးပါမှုကို အလေးထား၍လည်းကောင်း၊

(ဍ) လူသားအားလုံး၏ကောင်းကျိုးနှင့် မသန်စွမ်း လူ့အဖွဲ့အစည်းအားလုံးတို့အတွက် မသန်စွမ်းသူများ၏ လက်ရှိတန်ဖိုးထားအပ်သော ကြိုးပမ်းဆောင်ရွက်မှုများနှင့် အနာဂတ် ကာလတွင် ပိုမိုကြိုးပမ်းဆောင်ရွက်လာနိုင်မှုတို့ကို အသိအမှတ်ပြု၍ လည်းကောင်း၊ ၎င်းတို့၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို အပြည့်အဝရရှိခံစားမှုကို တိုးမြှင့်ပေးခြင်းနှင့်အပြည့်အဝပါဝင် ဆောင်ရွက်ပေးခြင်းတို့သည် ၎င်းတို့၏ ကိုယ်ပိုင်သိမြင်မှုစွမ်းအားများ မြင့်မားလာစေခြင်းနှင့် လူ့အဖွဲ့အစည်း၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှု

(h) *Recognizing also* that discrimination against any person on the basis of disability is a violation of the inherent dignity and worth of the human person,

(i) *Recognizing further* the diversity of persons with disabilities,

(j) *Recognizing* the need to promote and protect the human rights of all persons with disabilities, including those who require more intensive support,

(k) *Concerned* that, despite these various instruments and undertakings, persons with disabilities continue to face barriers in their participation as equal members of society and violations of their human rights in all parts of the world,

(l) *Recognizing* the importance of international cooperation for improving the living conditions of persons with disabilities in every country, particularly in developing countries,

(m) *Recognizing* the valued existing and potential contributions made by persons with disabilities to the overall well-being and diversity of their communities, and that the promotion of the full enjoyment by persons with disabilities of their human rights and fundamental freedoms and of full participation by persons with disabilities will result in their enhanced sense of belonging and in significant

တိုက်ဖျက်ရေးလုပ်ငန်းများတွင် ထူးခြားစွာတိုးတက်လာ စေခြင်းတို့ကို အလေးထား၍ လည်းကောင်း၊

(ဏ) လွတ်လပ်မှုရှိသော ကိုယ်ပိုင်ရွေးချယ်ခွင့်များအပါအဝင် မသန်စွမ်းသူများ၏ ပုဂ္ဂလိကကိုယ်ပိုင် လုပ်ပိုင်ခွင့်နှင့် လွတ်လပ်ခွင့်တို့၏ အရေးပါမှုကို အသိအမှတ်ပြု၍လည်းကောင်း၊

(တ) မသန်စွမ်းသူများနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိသည့်မူဝါဒများနှင့်လုပ်ငန်းအစီအစဉ်များဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခွင့်ရှိသင့်ကြောင်းကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊

(ထ) လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေးနှင့် (သို့) အခြားထင်မြင်ယူဆချက်၊ နိုင်ငံသား၊ လူမျိုးစု၊ တိုင်းရင်းသား (သို့) ရိုးရာဓလေ့တို့၏ မူလဇစ်မြစ်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားမှု၊ အသက်အရွယ် (သို့) အခြားအဆင့်အတန်း များစသည်တို့အပေါ် အခြေခံ၍ နည်းလမ်းပေါင်းစုံ(သို့) ပိုမိုဆိုးရွားသောပုံစံများဖြင့်ခွဲခြား ဆက်ဆံခြင်းတို့ကြောင့် မသန်စွမ်းသူများ ကြုံတွေ့နေရသည့် ခက်ခဲသောအခြေအနေများကို စိုးရိမ်ပူပန်သော အားဖြင့် လည်းကောင်း၊

(ဒ) နေအိမ်တွင်ဖြစ်စေ၊ နေအိမ်ပြင်ပတွင်ဖြစ်စေ အကြမ်းဖက်မှု၊ ထိခိုက်ဒဏ်ရာရစေမှု(သို့) အလွဲသုံးမှု၊ လျစ်လျူရှုမှု (သို့) လျစ်လျူရှုခံရသည့် အပြုအမူ၊ မလျော်မကန်ပြုမှု (သို့) ခေါင်းပုံဖြတ်ခံရမှု စသည့် ဘေးအန္တရာယ်များသည် မသန်စွမ်းအမျိုးသမီးများနှင့် မသန်စွမ်းမိန်းကလေးငယ်များအပေါ်အခြားသူများထက် ပိုမိုကြီးမားသည့် အန္တရာယ်ရှိနေခြင်းကို သတိပြုမိ၍လည်းကောင်း၊

advances in the human, social and economic development of society and the eradication of poverty,

(n) *Recognizing* the importance for persons with disabilities of their individual autonomy and independence, including the freedom to make their own choices,

(o) *Considering* that persons with disabilities should have the opportunity to be actively involved in decision-making processes about policies and programmes, including those directly concerning them,

(p) *Concerned* about the difficult conditions faced by persons with disabilities who are subject to multiple or aggravated forms of discrimination on the basis of race, colour, sex, language, religion, political or other opinion, national, ethnic, indigenous or social origin, property, birth, age or other status,

(q) *Recognizing* that women and girls with disabilities are often at greater risk, both within and outside the of violence, injury or abuse, neglect or negligent treatment, maltreatment or exploitation,

(ဓ) မသန်စွမ်းကလေးများသည် အခြားကလေးများနည်းတူ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို အပြည့်အဝခံစားခွင့် ရှိသင့်ကြောင်းကို အသိအမှတ်ပြု၍ လည်းကောင်း၊ယင်းခံစားခွင့်များရရှိရေးအတွက် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်ပေးရန်တာဝန်ရှိမှုကို အသိပေးသည့် အနေဖြင့်လည်းကောင်း၊

(န) လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူများ အပြည့်အဝ ရရှိခံစားခွင့်တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုအားလုံးတွင် ကျား/မ တန်းတူညီမျှရေး အမြင်တစ်ရပ်ပါဝင်ရန်လိုအပ်ကြောင်း အလေးပေးသည့် အနေဖြင့် လည်းကောင်း၊

(ပ) မသန်စွမ်းသူအများစုသည် ဆင်းရဲနွမ်းပါးသော အခြေအနေတွင် နေထိုင်နေကြ ရကြောင်းနှင့် ဤကဲ့သို့ ဆင်းရဲနွမ်းပါးမှုကြောင့် မသန်စွမ်းသူများအပေါ်သို့ ဆိုးကျိုး သက်ရောက်နေမှုများကို မဖြစ်မနေဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းကို မီးမောင်းထိုးပြ၍လည်းကောင်း၊

(ဖ) ကုလသမဂ္ဂပဋိညာဉ်စာချုပ်တွင်ပါရှိသည့် ရည်ရွယ်ချက်များနှင့် အခြေခံစည်းမျဉ်း များကို အပြည့်အဝလေးစား လိုက်နာမှုကြောင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အခြေအနေကောင်းများရရှိခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များကို လိုက်နာခြင်းသည် အထူးသဖြင့်ပြည်တွင်းပြည်ပ လက်နက်ကိုင်ပဋိပက္ခများ အတွင်း မသန်စွမ်းသူများအား အပြည့်အဝအကာအကွယ်ပေးမည့် အစီအစဉ်များ မဖြစ်မနေချမှတ်ဆောင်ရွက်ရမည့် လိုအပ်ချက်များဖြစ်ကြောင်းကို စွဲမြဲမှတ်သား၍ လည်းကောင်း

(r) *Recognizing* that children with disabilities should have full enjoyment of all human rights and fundamental freedoms on an equal basis with other children, and recalling obligations to that end undertaken by States Parties to the Convention on the Rights of the Child,

(s) *Emphasizing* the need to incorporate a gender perspective in all efforts to promote the full enjoyment of human rights and fundamental freedoms by persons with disabilities,

(t) *Highlighting* the fact that the majority of persons with disabilities live in conditions of poverty, and in this regard recognizing the critical need to address the negative impact of poverty on persons with disabilities,

(u) *Bearing in mind* that conditions of peace and security based on full respect for the purposes and principles contained in the Charter of the United Nations and observance of applicable human rights instruments are indispensable for the full protection of persons with disabilities, in particular during armed conflicts and foreign occupation,

(ဗ) မသန်စွမ်းသူများ၏လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အပြည့်အဝ ခံစားနိုင်ရေး ဆောင်ရွက်ရာတွင် ရပ်ပိုင်း၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် ပညာရေး၊ သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင်ပါဝင် ဆောင်ရွက်နိုင်ခွင့်၏ အရေးပါမှုကို သတိမူ၍လည်းကောင်း၊

(ဘ) လူသားတစ်ဦးသည် အခြားလူသားတစ်ဦးစီနှင့် မိမိနှင့်သက်ဆိုင်သည့် လူ့အဖွဲ့အစည်းအတွက် ဆောင်ရွက်ပေးရမည့်တာဝန်ဝတ္တရားများရှိသောကြောင့် လူ့အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ဥပဒေကြမ်းတွင်ဖော်ပြထားသော အခွင့်အရေးများတိုးတက် စေရေးနှင့် လိုက်နာရေးကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိကြောင်းကို သိရှိသဘောပေါက်၍လည်းကောင်း၊

(မ) မိသားစုသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသည့် အခြေခံယူနစ်တစ်ခုဖြစ်သည့်အပြင် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်က အကာအကွယ်ပေးမှုကို ခံယူခွင့်ရှိကြောင်းကို နားလည်သဘောပေါက်၍လည်းကောင်း၊ မသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များသည် လိုအပ်သော အကာအကွယ်ပေးမှုရှိသင့်ပြီး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို တန်းတူညီမျှအပြည့်အဝ ရရှိခံစားရေးကို ဦးတည်၍ ဆောင်ရွက်နိုင်စွမ်းရှိလာစေရန် ယင်းမိသားစုများကိုလည်း အကူအညီပေးရမည်ဖြစ်ကြောင်းကို သဘောပေါက်၍လည်းကောင်း၊

(ယ) မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို မြင့်မားစေရေးနှင့် အကာအကွယ်ပေးရေးအတွက် ပြည့်စုံမှုရှိသော နိုင်ငံတကာသဘောတူ စာချုပ် တစ်ရပ်သည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မသန်စွမ်းသူများ၏ဆိုးဝါးသည့် လူမှုရေးနစ်နာဆုံးရှုံး မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူရ နိုင်သည့်အပြင်ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင်တန်းတူညီမျှစွာပါဝင်ဆောင်ရွက်ခွင့်မြင့်မားစေရေးတွင် သိသာထင်ရှားစွာ ကူညီဖြည့်ဆည်းပေးနိုင်သည်ကို နားလည်သဘောပေါက်၍လည်းကောင်း။

(v) *Recognizing* the importance of accessibility to the physical, social, economic and cultural environment, to health and education and to information and communication, in enabling persons with disabilities to fully enjoy all human rights and fundamental freedoms,

(w) *Realizing* that the individual, having duties to other individuals and to the community to which he or she belongs, is under a responsibility to strive for the promotion and observance of the rights recognized in the International Bill of Human Rights,

(x) *Convinced* that the family is the natural and fundamental group unit of society and is entitled to protection by society and the State, and that persons with disabilities and their family members should receive the necessary protection and assistance to enable families to contribute towards the full and equal enjoyment of the rights of persons with disabilities,

(y) *Convinced* that a comprehensive and integral international convention to promote and protect the rights and dignity of persons with disabilities will make a significant contribution to redressing the profound social disadvantage of persons with disabilities and promote their participation in the civil, political, economic, social and cultural spheres with equal opportunities, in both developing and developed countries,

**အောက်ပါပြဌာန်းချက်များကို  သဘောတူကြပါသည်-**

## အပိုဒ် (၁)  ရည်ရွယ်ချက်

ဤကွန်ဗန်းရှင်း၏ရည်ရွယ်ချက်မှာ မသန်စွမ်းသူတိုင်းလူ့အခွင့်အရေး အားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များကို ညီမျှစွာအပြည့်အဝရရှိရေးတို့ကို ကာကွယ် စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ သေချာစေရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါ ဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်တို့ ဖြစ်ပါသည်။

ဤကွန်ဗန်းရှင်းအရ မသန်စွမ်းသူဆိုသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ် ပညာပိုင်း (သို့မဟုတ်) ခံစားမှုအာရုံပိုင်းဆိုင်ရာ ချို့ယွင်း အားနည်းချက်များကို ရေရှည် ခံစားနေရကာ၊ အဆိုပါချို့ယွင်းအားနည်းချက်များကြောင့် အခြားသူများနည်းတူ လူ့အသိုက် အဝန်းတွင် အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးမျိုးသော အဟန့်အတားများကို တွေ့ကြုံခံစားနေကြရသူများ ဖြစ်ပါသည်။

## အပိုဒ် (၂) အဓိပ္ပာယ်ဖော်ပြချက်

ဤကွန်ဗန်းရှင်းတွင်-

**ဆက်သွယ်မှုပြုခြင်း**ဟုဆိုရာတွင် ဘာသာစကားများ၊ စာအုပ်စာတမ်းဖော်ပြခြင်း၊ မျက်မမြင်စာ၊ ထိတွေ့မှုဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အကြီးစား စာလုံးများဖြင့် မြင်သာ အောင်ရေးသားဆက်သွယ်ခြင်း၊ လက်လှမ်းမီသော ဘက်စုံ ပြန်ကြားဆက်သွယ်ရေးအပြင် အလွယ်တကူရရှိနိုင်သောသတင်းနှင့် ဆက်သွယ်ရေး နည်းပညာများဖြစ်သည့် စာဖြင့် ရေးသားဖော်ပြခြင်း၊ အကြားအာရုံဖြင့်ဆက်သွယ်ခြင်း၊ ဘာသာစကားမဲ့ဆက်သွယ်ခြင်း၊ အကူစာဖတ်သူဖြင့် ဆက်သွယ်ခြင်းနှင့် အခြားနည်းလမ်းများစွာဖြင့်ဆက်သွယ်ခြင်းတို့ ပါဝင်သည်။

*Have agreed as follows* :

## Article 1 Purpose

The purpose of the present Convention is to promote, protect and ensure the full and equal enjoyment of all human rights and fundamental freedoms by all persons with disabilities, and to promote respect for their inherent dignity.

Persons with disabilities include those who have long-term physical, mental, intellectual or sensory impairments which in interaction with various barriers may hinder their full and effective participation in society on an equal basis with others.

## Article 2 Definitions

For the purposes of the present Convention:

"Communication" includes languages, display of text, Braille, tactile communication, large print, accessible multimedia as well as written, audio, plain-language, human-reader and augmentative and alternative modes, means and formats of communication, including accessible information and communication technology;

**ဘာသာစကား** ဆိုသည်မှာ နှုတ်ထွက်ဘာသာစကားနှင့် လက်သင်္ကေတပြ ဘာသာစကားများအပြင် အခြားသော နှုတ်ထွက်ဘာသာစကား မဟုတ်သည့် ဘာသာ စကားပုံစံများလည်း ပါဝင်သည်။

**မသန်စွမ်းဖြစ်ခြင်းကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှုပြုခြင်း**ဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအမျိုးများနှင့်သက်ဆိုင်သော (သို့မဟုတ်)အခြား နယ်ပယ်များရှိ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားသူများနည်းတူ သာတူညီမျှစွာ လေ့ကျင့်ဆောင်ရွက်မှုများရရှိ ခံစားရေးနှင့် အသိအမှတ်ပြုရေးတို့ကို ထိခိုက် ပျက်ပြား စေသည့်အကျိုးသက်ရောက်မှု (သို့မဟုတ်) ရည်ရွယ်လုပ်ဆောင်မှုများတွင် မသန်စွမ်း ဖြစ်ခြင်းကို အကြောင်းပြု၍ခွဲခြားထားခြင်း၊ ချန်လှပ်ထားခြင်းနှင့် ကန့်သတ်ထားခြင်းကို ဆိုသည်။ မသန်စွမ်းဖြစ်ခြင်းကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှုပြုခြင်းတွင် သင့်တင့် မျှတသည့်နေရာထိုင်ခင်းပြုလုပ်ပေးရန် ငြင်းပယ်မှုအပါအဝင် ခွဲခြားဆက်ဆံမှု ပြုလုပ်ခြင်း ပုံစံအားလုံးအကျုံးဝင်သည်။

**သင့်တင့်မျှတသည့်အခြေအနေ** ဆိုသည်မှာ မသန်စွမ်းသူများသည် လူ့အခွင့် အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားသူများနည်းတူရရှိခံစားရန် (သို့မဟုတ်) ဆောင်ရွက်မှုပြုနိုင်ရန် လိုအပ်သည့်အခါတွင် မသန်စွမ်းသူများအတွက် အခက် အခဲမရှိစေရန်နှင့် စိတ်ပင်ပန်းမှုမရှိစေရန်တို့ကို အထောက်အကူပြုသည့် ၎င်းတို့ အတွက် လိုအပ်သောပြုပြင်မွမ်းမံမှုများ၊ ညှိနှိုင်းဆောင်ရွက်မှုများ ဆောင်ရွက်ပေးခြင်းကိုဆိုသည်။

**အများသုံးပုံစံ** ဆိုသည်မှာ ကုန်ထုတ်ပစ္စည်းများ၊ ပတ်ဝန်းကျင်အနေအထားများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တတ်နိုင်သမျှ အကျယ်ပြန့်ဆုံး ရရှိ အသုံးပြုနိုင်မည့်ပုံစံကိုဆိုသည်။ ၎င်းပုံစံတွင် မသန်စွမ်းသူများ လိုအပ်သည့်အခါ အသုံးပြုနိုင် မည့်ပံ့ပိုးမှု ကိရိယာပစ္စည်းများကို ထည့်သွင်းဆောင်ရွက်ပေးရမည်။

“Language” includes spoken and signed languages and other forms of non-spoken languages;

“Discrimination on the basis of disability” means any distinction, exclusion or restriction on the basis of disability which has the purpose or effect of impairing or nullifying the recognition, enjoyment or exercise, on an equal basis with others, of all human rights and fundamental freedoms in the political, economic, social, cultural, civil or any other field. It includes all forms of discrimination, including denial of reasonable accommodation;

“Reasonable accommodation” means necessary and appropriate modification and adjustments not imposing a disproportionate or undue burden, where needed in a particular case, to ensure to persons with disabilities the enjoyment or exercise on an equal basis with others of all human rights and fundamental freedoms;

“Universal design” means the design of products, environments, programmes and services to be usable by all people, to the greatest extent possible, without the need for adaptation or specialized design. “Universal design” shall not exclude assistive devices for particular groups of persons with disabilities where this is needed.

## အပိုဒ် (၃) အခြေခံမူများ

## ကွန်ဗင်းရှင်း၏အခြေခံမူများမှာ-

(က) ကိုယ်ပိုင်ရွေးချယ်ခွင့်နှင့် အမှီအခိုကင်းစွာရပ်တည်နိုင်ခွင့်များ ပြုလုပ်နိုင်ရန် လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်အပါအဝင် လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင် လွတ်လပ်ခွင့်နှင့် မွေးရာပါ ဂုဏ်သိက္ခာကို အလေးဂရုပြုမှုရှိစေရန်၊

( ခ ) ခွဲခြားဆက်ဆံမှုပြုခြင်းမရှိစေရန်၊

( ဂ ) လူ့အသိုက်အဝန်းအတွင်း အပြည့်အဝရောယှက်ပါဝင်ခွင့်ရရှိစေရန်၊

(ဃ) မသန်စွမ်းသူများ၏ကွဲပြားချက်ကိုလေးစားမှုရှိရန်နှင့် ၎င်းတို့၏ အသွင်မတူ ခြားနားမှုကို စာနာထောက်ထားကာ လက်ခံလာစေရန်၊

( င ) တန်းတူအခွင့်အရေးရရှိစေရန်၊

( စ ) အလွယ်တကူရရှိအသုံးပြုနိုင်စေရန်၊

(ဆ) အမျိုးသားနှင့် အမျိုးသမီးများအကြားတန်းတူညီမျှမှုရှိစေရန်၊

( ဇ ) တိုးတက်ပြောင်းလဲလာသောမသန်စွမ်းကလေးငယ်များ၏အစွမ်းအစများ နှင့် ၎င်းတို့၏ကိုယ်ပိုင်ဂုဏ်အင်္ဂါရပ်များကို ထိန်းသိမ်းနိုင်ရန် အခွင့်အရေးရှိမှုတို့ကို လေးစားမှုရှိစေရန်။

## အပိုဒ် (၄) အထွေထွေတာဝန်ဝတ္တရားများ

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းဖြစ်ခြင်းကို အကြောင်းပြု၍ မည်ကဲ့သို့သော ခွဲခြားဆက်ဆံမှုပြုခြင်းကိုမျှမရှိစေဘဲ မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်အားလုံးကို အပြည့်အဝနားလည် သဘောပေါက်ခြင်းမြှင့်တင်ရန်နှင့် သေချာစေ ရန် ပြုလုပ်ဆောင်ရွက်ရမည်။ ထိုကဲ့သို့ပြုလုပ်ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများသည်-

## Article 3 General principles

The principles of the present Convention shall be:

( a ) Respect for inherent dignity, individual autonomy including the freedom to make one's own choices, and independence of persons;

( b ) Non-discrimination;

( c ) Full and effective participation and inclusion in society;

( d ) Respect for difference and acceptance of persons with disabilities as part of human diversity and humanity;

( e ) Equality of opportunity;

( f ) Accessibility;

( g ) Equality between men and women;

( h ) Respect for the evolving capacities of children with disabilities and respect for the right of children with disabilities to preserve their identities.

## Article 4 General obligations

1. States Parties undertake to ensure and promote the full realization of all human rights and fundamental freedoms for all persons with disabilities without discrimination of any kind on the basis of disability. To this end, States Parties undertake:

(က) ကွန်ဗန်းရှင်းတွင် အသိအမှတ်ပြုထားသော အခွင့်အရေးများ အကောင်အထည်ဖော်ရန်အတွက် သင့်လျော်သောဥပဒေဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာနှင့် အခြားသောအစီအမံများကိုချမှတ်ရန်၊

(ခ) မသန်စွမ်းသူများအား ဓလေ့ထုံးစံအရခွဲခြားဆက်ဆံမှုပြုခြင်းကို ဆန့်ကျင်သည့် ဥပဒေပြဌာန်းခြင်းနှင့် တည်ဆဲဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ ဓလေ့ထုံးစံများနှင့် အလေ့အထများကို ပြင်ဆင်ရန် (သို့မဟုတ်)ပယ်ဖျက်ရန်အပါအဝင် သင့်လျော်သော စီစဉ်ဆောင်ရွက်မှု အားလုံးကိုပြုလုပ်ရန်၊

(ဂ) အဖွဲ့ဝင်နိုင်ငံများ၏မူဝါဒ၊ အစီအစဉ်များတွင် မသန်စွမ်းသူများ၏ လူ့အခွင့်အရေး များမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆင်ခြင်သုံးသပ်ရန်၊

(ဃ) ကွန်ဗန်းရှင်းနှင့် ကိုက်ညီမှုမရှိသည့်မည်သည့်အပြုမူ (သို့မဟုတ်) အလေ့အထကိုမဆို ရှောင်ကြဉ်ရန်နှင့် ပြည်သူ့ရေးရာ အာဏာပိုင် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်တို့ကို သဘောတူစာချုပ်အတိုင်း လိုက်နာမှုရှိရေးခိုင်မာစေရန်၊

(င) မည်သည့်လူပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂလိက လုပ်ငန်းမဆို မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းကို ပပျောက်စေရန် သင့်လျော်သောအစီအစဉ်များလုပ်ဆောင်ရန်၊

(စ) သဘောတူစာချုပ်အပိုဒ်(၂)တွင်သတ်မှတ်ထားသည့်အတိုင်း အများ သုံးပုံစံဖြင့် ပြုလုပ်ထားသော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အထောက်အပံ့ပစ္စည်းများ ပေါ်ထွက်

(a) To adopt all appropriate legislative, administrative and other measures for the implementation of the rights recognized in the present Convention;

(b) To take all appropriate measures, including legislation, to modify or abolish existing laws, regulations, customs and practices that constitute discrimination against persons with disabilities;

(c) To take into account the protection and promotion of the human rights of persons with disabilities in all policies and programmes;

(d) To refrain from engaging in any act or practice that is inconsistent with the present Convention and to ensure that public authorities and institutions act in conformity with the present Convention;

(e) To take all appropriate measures to eliminate discrimination on the basis of disability by any person, organization or private enterprise;

(f) To undertake or promote research and development of universally designed goods, services, equipment and facilities, as defined in article 2 of the present Convention, which should require the

လာရေးနှင့်သုတေသနပြုရေးတို့ကိုတာဝန်ယူ မြှင့်တင်ဆောင်ရွက်ရန်တို့ အပြင်ဖြစ်နိုင်ခြေအရှိဆုံး ပြုပြင်ဆောင်ရွက်ခြင်းနှင့် သက်သာသော နှုန်းထားဖြင့် မသန်စွမ်းသူများ၏ သီးသန့်လိုအပ်ချက်များရရှိရန်၊ မသန်စွမ်းသူများရရှိအသုံး ပြုနိုင်မှု မြှင့်တင်ရန်နှင့် မသန်စွမ်းသူများ အတွက် သတ်မှတ်သောစံချိန်စံညွှန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် ရာတွင် အများသုံးပုံစံကို ထည့်သွင်းဆောင်ရွက်ရန်၊

(ဆ) သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ၊ လှုပ်ရှားသွားလာမှု အထောက်အကူပြု ပစ္စည်းများ၊ ကိရိယာများနှင့် နည်းပညာ ကူညီ ထောက်ပံ့မှုစသည့် မသန်စွမ်းသူများနှင့် သင့်လျော်သောနည်းပညာ အသစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရရှိအသုံးပြုနိုင်မှုမြှင့်တင်ရေးနှင့် သုတေသနပြုရေးတို့ကိုဆောင်ရွက်ရန်နှင့် မသန်စွမ်းသူများမှ ကျခံ သုံးစွဲနိုင်သည့်နှုန်းထားဖြင့်ရရှိနိုင်ရေးကို ဆောင်ရွက်သွားရန်၊

(ဇ) မသန်စွမ်းသူများကို လှုပ်ရှားမှုအထောက်အကူပြုပစ္စည်းများ၊ ကိရိယာများနှင့် နည်းပညာပံ့ပိုးမှုများ စသည့်နည်းပညာသစ်များအပြင် အခြားသောကူညီပံ့ပိုးမှုများ၊ဝန်ဆောင်မှုများနှင့်အထောက်အကူပြု ပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအလွယ် တကူရရှိစေရေး ဆောင်ရွက်ပေးရန်၊

(ဈ) မသန်စွမ်းသူများ၏အခွင့်အရေးများကိုအာမခံသည့် ပိုမို ကောင်းမွန်သော ထောက်ပံ့ကူညီမှုများနှင့် ဝန်ဆောင်မှုများကိုရရှိစေရန် အတွက် ဤသဘောတူစာချုပ်ပါ မသန်စွမ်းသူများဆိုင်ရာအခွင့်အရေးတို့ အတွက် ဆောင်ရွက်နေသော ကျွမ်းကျင်သူများနှင့် ဝန်ထမ်းများအား သင်တန်းပေးခြင်းကို ပိုမိုဆောင်ရွက်သွားရန်။

minimum possible adaptation and the least cost to meet the specific needs of a person with disabilities, to promote their availability and use, and to promote universal design in the development of standards and guidelines;

(g) To undertake or promote research and development of, and to promote the availability and use of new technologies, including information and communications technologies, mobility aids, devices and assistive technologies, suitable for persons with disabilities, giving priority to technologies at an affordable cost;

(h) To provide accessible information to persons with disabilities about mobility aids, devices and assistive technologies, including new technologies, as well as other forms of assistance, support services and facilities;

(i) To promote the training of professionals and staff working with persons with disabilities in the rights recognized in this Convention so as to better provide the assistance and services guaranteed by those rights.

၂။ အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများနှင့် ပတ်သက်၍ ၎င်းတို့နိုင်ငံ၏ အရင်းအမြစ်များကိုတတ်နိုင်သမျှအမြင့်ဆုံးရရှိရေး စီမံဆောင်ရွက်ရန်နှင့် ဖော်ပြပါအခွင့်အရေးများကို အပြည့်အဝနားလည်သဘောပေါက်မှု တိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ လိုအပ်သည့်နေရာများ၌ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မူဘောင်အတွင်းမှ နိုင်ငံတကာဥပဒေနှင့်အညီ နှောင့်နှေးခြင်းမရှိဘဲ ဤသဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများကို မှန်ကန်တိကျစွာဖြင့် ဆောင်ရွက်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် ကွန်ဗင်းရှင်းကို အထမြောက်စေရန် ဥပဒေပြုခြင်းနှင့် မူဝါဒများဖွံ့ဖြိုးတိုးတက်မှု၊ အကောင်အထည်ဖော်မှုတို့အပြင် မသန်စွမ်းသူများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများတွင် မသန်စွမ်းကလေးသူငယ်များ အပါအဝင်မသန်စွမ်းသူများအားလုံး တက်ကြွစွာနှင့် ရင်းနှီးပွင့်လင်းစွာ တိုင်ပင်နိုင်ရန်အတွက် မသန်စွမ်းအဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ရမည်။

၄။ ဤကွန်ဗင်းရှင်းသည် အဖွဲ့ဝင်နိုင်ငံအပေါ်တွင်အာဏာသက်ရောက်သည့် မသန်စွမ်းသူ အခွင့်အရေးများကို အမှန်တကယ်ဖော်ဆောင်နိုင်သည့် ပြည်တွင်းဥပဒေ သို့မဟုတ်အဖွဲ့ဝင်နိုင်ငံအပေါ် သက်ရောက်သည့် နိုင်ငံတကာဥပဒေတို့၏ မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ ကျော်လွန်လွှမ်းမိုးခြင်းမရှိစေရ။ ဤသဘောတူစာချုပ်သည် လူ့အခွင့်အရေး သို့မဟုတ် အခြေခံလွတ်လပ်ခွင့်နှင့်ပတ်သက်၍ သဘောတူစာချုပ်မှ အသိအမှတ်မပြုသော (သို့) အတိုင်းအတာတစ်ခုအထိသာ အသိအမှတ်ပြုထားသော်လည်း မည်သည့်အဖွဲ့ဝင်နိုင်ငံကမဆို ဤသဘောတူ စာချုပ်နှင့် ကိုက်ညီမှုရှိသည်ဟု ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေး (သို့) အခြေခံလွတ်လပ်ခွင့်များနှင့်သက်ဆိုင်သည့် ဥပဒေ၊ သဘောတူညီချက်များ၊ စည်းမျဉ်း၊ ဓလေ့ထုံးတမ်းများအပေါ်တွင် ကန့်သတ်ခြင်း၊ ယုတ်လျော့ခြင်းမျိုးမရှိစေရ။

2. With regard to economic, social and cultural rights, each State Party undertakes to take measures to the maximum of its available resources and, where needed, within the framework of international cooperation, with a view to achieving progressively the full realization of these rights, without prejudice to those obligations contained in the present Convention that are immediately applicable according to international law.

3.In the development and implementation of legislation and policies to implement the present Convention, and in other decision-making processes concerning issues relating to persons with disabilities, States Parties shall closely consult with and actively involve persons with disabilities, including children with disabilities, through their representative organizations.

4.Nothing in the present Convention shall affect any provisions which are more conducive to the realization of the rights of persons with disabilities and which may be contained in the law of a State Party or international law in force for that State. There shall be no restriction upon or derogation from any of the human rights and fundamental freedoms recognized or existing in any State Party to the present Convention pursuant to law, conventions, regulation or custom on the pretext that the present Convention does not recognize such rights or freedoms or that it recognizes them to a lesser extent.

၅။ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များသည် အဖွဲ့ဝင်နိုင်ငံများ၏ ဒေသအသီးသီးသို့ မည်သည့် ကန့်သတ်ချက် (သို့မဟုတ်) ခြွင်းချက်မရှိစေဘဲရောက်ရှိစေရမည်။

## အပိုဒ် (၅) တန်းတူညီမျှရေးနှင့်ခွဲခြားဆက်ဆံမှုမပြုရေး

၁။ အဖွဲ့ဝင်နိုင်ငံများသည် လူပုဂ္ဂိုလ်အားလုံး ဥပဒေရှေ့မှောက်၌ဖြစ်စေ၊ ဥပဒေနှင့် အညီဖြစ်စေ တစ်သားတည်း ရှိခြင်းကိုလည်းကောင်း၊ ဥပဒေ၏အကျိုးခံစားခွင့်နှင့် ကာကွယ်စောင့်ရှောက်ခြင်းကို ခွဲခြားဆက်ဆံမှု မရှိဘဲအညီအမျှအကျိုးခံစားခွင့် ရှိသူများဖြစ်သည်ကိုလည်းကောင်း အသိအမှတ်ပြုသည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းဖြစ်ခြင်းကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှုပြုခြင်း အားလုံးကိုတားမြစ် ပိတ်ပင်ရမည်ဖြစ်ပြီး၊ မသန်စွမ်းသူများကိုခွဲခြားဆက်ဆံမှု အားလုံးကို ဆန့်ကျင်သည့် ထိရောက်ပြီးညီမျှမှုရှိသည့် ကာကွယ်စောင့်ရှောက်မှုများကို ဥပဒေနှင့်အညီ အာမခံရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် တန်းတူညီမျှရေးကိုမြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရန်အတွက် မသန်စွမ်းသူများအတွက်သင့်လျော်သောနေရာထိုင်ခင်းပံ့ပိုးမှု သေချာစေရန် သင့်လျော်သော ဆောင်ရွက်မှုအဆင့်အားလုံးကို ပြုလုပ်ရမည်။

၄။ မသန်စွမ်းသူများ၏ တန်းတူညီမျှရေးအတွက် လက်ရှိဆောင်ရွက်နေသည့် သီးခြား စီမံဆောင်ရွက်မှုများမြှင့်တင်ရန်နှင့် အောင်မြင်စွာဆောင်ရွက်ရန်လိုအပ်ပြီး ၎င်းဆောင်ရွက် မှုများကို သဘောတူစာချုပ်ပါ သတ်မှတ်ချက်များအရ ခွဲခြားဆက်ဆံမှုပြုခြင်းဟု သဘော ထားယူဆခြင်းမပြုရ။

5. The provisions of the present Convention shall extend to all parts of federal states without any limitations or exceptions.

## Article 5 Equality and non-discrimination

1. States Parties recognize that all persons are equal before and under the law and are entitled without any discrimination to the equal protection and equal benefit of the law.

2.States Parties shall prohibit all discrimination on the basis of disability and guarantee to persons with disabilities equal and effective legal protection against discrimination on all grounds.

3.In order to promote equality and eliminate discrimination, States Parties shall take all appropriate steps to ensure that reasonable accommodation is provided.

4.Specific measures which are necessary to accelerate or achieve de facto equality of persons with disabilities shall not be considered discrimination under the terms of the present Convention.

## အပိုဒ် (၆) မသန်စွမ်းအမျိုးသမီးများ

၁။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မသန်စွမ်းအမျိုးသမီးနှင့် မိန်းကလေးငယ်များသည် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပြုခြင်းကို ခံနေရသူများဖြစ်ကြောင်း အသိအမှတ် ပြုသည်။ သို့အတွက် ၎င်းတို့၏လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို အပြည့်အဝနှင့် ညီမျှစွာရရှိခံစားနိုင်မှု သေချာစေရန် စီမံဆောင်ရွက်ရမည်။

၂။ ကွန်ဗန်းရှင်းတွင် ဖော်ပြထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် များ အပြည့်အဝနှင့် ညီမျှစွာခံစားဆောင်ရွက်နိုင်မှုကို တာဝန်ယူရေးဆိုသည့် ရည်ရွယ်ချက် အတိုင်း အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းအမျိုးသမီးများ၏ လုပ်ပိုင်ခွင့်ရရှိမှု၊ ဘဝ တိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အပြည့်အဝသေချာစေရန် သင့်လျော်သော စီမံ ဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်ရမည်။

## အပိုဒ် (၇) မသန်စွမ်းကလေးသူငယ်များ

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းကလေးသူငယ်များ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို အခြားကလေးသူငယ်များနည်းတူ ညီမျှစွာ အပြည့်အဝ ခံစားရရှိမှု သေချာစေရန်လိုအပ်သော စီမံဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်ရမည်။

၂။ မသန်စွမ်းကလေးသူငယ်များနှင့် ဆက်စပ်သည့်လုပ်ငန်းဆောင်ရွက်ချက် အားလုံးတွင် ကလေးသူငယ်အတွက် အကောင်းဆုံးအကျိုးစီးပွားရရှိရေးကို အဓိကထား ဆောင်ရွက်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းကလေးသူငယ်များ တွေ့ကြုံခံစားရသည့် အရေး ကိစ္စအားလုံးအတွက် တင်ပြချက်များကို လွတ်လပ်စွာဖွင့်ဟပြောဆိုခွင့်ရရှိစေရေး၊ ၎င်းထင်မြင်ချက်များကို မသန်စွမ်းကလေးသူငယ်များ၏အသက်အရွယ်နှင့် အရွယ်ရောက်

## Article 6 Women with disabilities

1.States Parties recognize that women and girls with disabilities are subject to multiple discrimination, and in this regard shall take measures to ensure the full and equal enjoyment by them of all human rights and fundamental freedoms.

2. States Parties shall take all appropriate measures to ensure the full development, advancement and empowerment of women, for the purpose of guaranteeing them the exercise and enjoyment of the human rights and fundamental freedoms set out in the present Convention.

## Article 7 Children with disabilities

1.States Parties shall take all necessary measures to ensure the full enjoyment by children with disabilities of all human rights and fundamental freedoms on an equal basis with other children.

2. In all actions concerning children with disabilities, the best interests of the child shall be a primary consideration.

3.States Parties shall ensure that children with disabilities have the right to express their views freely on all matters affecting them, their views being given due weight in accordance with their age and maturity, on an equal

ခြင်းနှင့်အညီ လျော်ကန်သည့်အလေးပေးမှုရှိစေရေးနှင့် မသန်စွမ်းဖြစ်မှု အမျိုးအစားနှင့် အသက်အရွယ်အလိုက် သင့်လျော်သောအထောက်အပံ့ကို အခြားကလေးသူငယ်များ လိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးရေးတို့ကို သေချာစေရန်ဆောင်ရွက်ရမည်။

## အပိုဒ် (ဂ) အသိပညာမြင့်မားရေး

၁။ အဖွဲ့ဝင်နိုင်ငံများသည် သင့်လျော်ထိရောက်မှုရှိပြီး၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်သော စီမံမှုများကို အောက်ပါအတိုင်းချမှတ်ရမည်-

(က) မသန်စွမ်းသူများနှင့်သက်ဆိုင်သော အသိပညာမြင့်မားရေးကို မိသားစုအဆင့် အပါအဝင် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် လုပ်ဆောင်ရန်နှင့် မသန်စွမ်း သူများ၏အခွင့်အရေး၊ ဂုဏ်သိက္ခာတို့ကို အလေးထားတတ်မှု ပျိုးထောင် ပေးရန်၊

(ခ) ဖို၊ မ သဘာဝနှင့် အသက်အရွယ်အပေါ်အခြေပြုမှုအပါအဝင် မသန်စွမ်းသူ များ၏ ဘဝနယ်ပယ်အားလုံးတွင် မသန်စွမ်းသူများအား အထင်သေး နှိမ့်ချသည့်ပုံစံဖြင့်ဆက်ဆံခြင်းများ၊ ဘက်လိုက်မှု၊ ခွဲခြားမှုပြုခြင်းများနှင့် ထိခိုက်နာကျင်စေသော အပြုအမူများကို တိုက်ဖျက်သွားရန်၊

(ဂ) မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် ပါဝင်ဆောင်ရွက်နိုင်မှုများကို အသိ ပညာ ပေးမှုမြှင့်တင်ရန်။

၂။ အထက်ဖော်ပြပါစီမံလုပ်ဆောင်မှုများ ရရှိအောင်မြင်စေရန်-

(က) ထိရောက်မှုရှိသောအသိပညာပေးအစီအစဉ်များကို ရေးဆွဲ၍ စတင်အကောင် အထည်ဖော်ခြင်းနှင့် အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်ရန်၊

basis with other children, and to be provided with disability and age-appropriate assistance to realize that right.

## Article 8 Awareness-raising

1. States Parties undertake to adopt immediate, effective and appropriate measures:

( a ) To raise awareness throughout society, including at the family level, regarding persons with disabilities, and to foster respect for the rights and dignity of persons with disabilities;

( b ) To combat stereotypes, prejudices and harmful practices relating to persons with disabilities, including those based on sex and age, in all areas of life;

( c ) To promote awareness of the capabilities and contributions of persons with disabilities.

2. Measures to this end include:

( a ) Initiating and maintaining effective public awareness campaigns designed:

(၁) မသန်စွမ်းသူများ၏အခွင့်အရေးများကို သဘောပေါက်လက်ခံလွယ်မှု အားပြုစု ပျိုးထောင်ပေးရန်၊

(၂) မသန်စွမ်းသူများအပေါ်တွင်အပြုသဘောဆောင်သော သဘောထား အမြင်များနှင့် ကျယ်ပြန့်သောအသိပညာပေးမှု မြင့်မားလာစေရန်၊

(၃) မသန်စွမ်းသူများ၏ အလုပ်ခွင်နှင့်လုပ်သားဈေးကွက်တွင် ပါဝင် ဆောင်ရွက်နိုင်မှုများ၊ အရည်အချင်းများ၊ အကျိုးပြုမှုများနှင့် ကျွမ်း ကျင်မှုများကို အသိအမှတ်ပြုမှုအား မြှင့်တင်ရန်။

(ခ) ရှေးဦးကလေးသူငယ်အရွယ်မှစ၍ပညာရေးစနစ်၏ အဆင့်အားလုံးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အလေးပေးဂရုပြုလိုစိတ်ရှိရေး အားပေးမြှင့်တင်ရန်၊

(ဂ) ပြန်ကြားရေးနှင့်လူထုဆက်သွယ်ရေးအဖွဲ့အစည်းအားလုံးကို သဘော တူညီချက်၏ ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်မသန်စွမ်းသူများအကြောင်း ထည့်သွင်းဖော်ပြပေးရေး အားပေးတိုက်တွန်းရန်၊

(ဃ) မသန်စွမ်းသူများနှင့် ၄င်းတို့၏ အခွင့်အရေးများကိုမြ ှင့်တင်သည့် အစီအစဉ် များအား အားပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

## အပိုဒ် (၉) လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်း

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ၏ဘဝတစ်လျှောက်တွင် ကဏ္ဍအားလုံး၌ အပြည့်အဝပါဝင် ဆောင်ရွက်နိုင်ရန်နှင့် အမှီအခိုကင်းစွာနေထိုင်နိုင်စေရန်အတွက် အခြားသူများနည်းတူ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ သတင်း နှင့်နည်းပညာစနစ်များအပါအဝင် သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍ၊ အများပြည်သူ အတွက် ဖြည့်ဆည်းပေးထားသော (သို့မဟုတ်) ဖွင့်လှစ်ထားသော အခြားကူညီပံ့ပိုးမှုများနှင့်

(i) To nurture receptiveness to the rights of persons with disabilities;

(ii) To promote positive perceptions and greater social awareness towards persons with disabilities;

(iii) To promote recognition of the skills, merits and abilities of persons with disabilities, and of their contributions to the workplace and the labour market;

( b ) Fostering at all levels of the education system, including in all children from an early age, an attitude of respect for the rights of persons with disabilities;

( c ) Encouraging all organs of the media to portray persons with disabilities in a manner consistent with the purpose of the present Convention;

( d ) Promoting awareness-training programmes regarding persons with disabilities and the rights of persons with disabilities.

**Article 9 Accessibility**

1.To enable persons with disabilities to live independently and participate fully in all aspects of life, States Parties shall take appropriate measures to ensure to persons with disabilities access, on an equal basis with others, to the physical environment, to transportation, to information and communications, including information and communications technologies

ဝန်ဆောင်မှုများကို သေချာစွာရရှိစေရန် သင့်လျော်သောစီမံဆောင်ရွက်မှုများကို မြို့ပြနှင့်ကျေးလက်ဒေသနှစ်ခုစလုံးတွင် လုပ်ဆောင်ပေးရမည်။ ၎င်းစီမံဆောင်ရွက်မှုများတွင် မသန်စွမ်းသူများ လက်လှမ်းမှီရယူသုံးစွဲနိုင်ရေးအတွက် အခက်အခဲနှင့် အဟန့်အတားများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်းတို့ကိုထည့်သွင်းရမည်ဖြစ်ပြီး၊ အခြားသော အချက်များအနက် အောက်ပါတို့ကို အသုံးချဆောင်ရွက်သွားရမည်-

(က) အဆောက်အအုံများ၊ လမ်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် စာသင်ကျောင်းများ၊ အိမ်ရာ၊ ကျန်းမာရေး အထောက်အပံ့များနှင့် လုပ်ငန်းခွင်များအပါအဝင် အခြားအိမ်တွင်း အိမ်ပြင်ပံ့ပိုးကူညီမှုများ၊

( ခ ) သတင်းအချက်အလက်၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဝန်ဆောင်မှုနှင့် အရေးပေါ် ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင်အခြားသောဝန်ဆောင်မှုလုပ်ငန်းများ။

၂။ အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါသင့်လျော်သောစီမံဆောင်ရွက်မှုများကို လုပ်ဆောင်သွားရမည်-

(က) အများပြည်သူအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားသောဝန်ဆောင်မှုနှင့် ပံ့ပိုးမှုလုပ်ငန်းများအား မသန်စွမ်းသူများရယူ သုံးစွဲနိုင်ရန်အခြေခံ စံသတ်မှတ်ချက်နှင့် စည်းမျဉ်းများကို အကောင်အထည်ဖော် ဆောင်ရွက်မှုအားစိစစ်ရန်၊ ပြဌာန်းရန်နှင့် ပြုပြင်ပြောင်းလဲရန်၊

( ခ ) အများပြည်သူတို့အတွက် ဖွင့်လှစ်ထားသော (သို့မဟုတ်) ထောက်ပံ့ပေးထားသောဝန်ဆောင်မှုများတွင် ပုဂ္ဂလိကအကျိုးခံစားခွင့်များ၊ ဝန်ဆောင်မှုများကို မသန်စွမ်းသူများတန်းတူ ပါဝင်ခွင့်ရရှိရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန်၊

( ဂ ) မသန်စွမ်းသူများရင်ဆိုင်နေရသော လက်လှမ်းမီသုံးစွဲခွင့်ရရှိရေးလုပ်ငန်းများနှင့် ပတ်သက်သည့်သင်တန်းများကိုတာဝန်ရှိသူများအတွက်ဆောင်ရွက်ပေးရန်၊

and systems, and to other facilities and services open or provided to the public, both in urban and in rural areas. These measures, which shall include the identification and elimination of obstacles and barriers to accessibility, shall apply to, inter alia:

( a ) Buildings, roads, transportation and other indoor and outdoor facilities, including schools, housing, medical facilities and workplaces;

( b ) Information, communications and other services, including electronic services and emergency services.

2. States Parties shall also take appropriate measures to:

( a ) Develop, promulgate and monitor the implementation of minimum standards and guidelines for the accessibility of facilities and services open or provided to the public;

( b ) Ensure that private entities that offer facilities and services which are open or provided to the public take into account all aspects of accessibility for persons with disabilities;

( c ) Provide training for stakeholders on accessibility issues facing persons with disabilities;

(ဃ) အဆောက်အအုံများနှင့် အများပြည်သူဝင်ထွက်သွားလာသည့်နေရာများတွင် လွယ်ကူစွာနားလည် ဖတ်ရှုနိုင်သောပုံစံများနှင့် မျက်မမြင်စာများထားရှိပေးရန်၊

(င) အများပြည်သူဝင်ထွက်သွားလာသည့် နေရာများတွင်ရှိသောအဆောက်အအုံနှင့် အသုံးအဆောင်များကို လက်လှမ်းမီရယူသုံးစွဲနိုင်ရေးအတွက် လမ်းညွှန်ပြသမည့်သူများ၊ ကူညီဖတ်ကြားပေးမည့်သူများနှင့် မျက်မမြင်စာကျွမ်းကျင်စွာ ဘာသာပြန်ဆိုနိုင်သူများအပါအဝင် တိုက်ရိုက်အကူအညီပေးမှုပုံစံနှင့် တစ်ဆင့်ခံ အကူအညီပေးမှုပုံစံများ ဆောင်ရွက်ပေးရန်၊

(စ) မသန်စွမ်းသူများအတွက်သတင်းအချက်အလက်၊ လက်လှမ်းမီရရှိမှု သေချာစေရန် အခြားသင့်လျော်သောအကူအညီနှင့်အထောက်အပံ့ပေးမှုနည်းလမ်းများ မြှင့်တင်ရန်၊

(ဆ) အင်တာနက်အပါအဝင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာနှင့် စနစ်သစ်များကို မသန်စွမ်းသူများ ရယူသုံးစွဲမှုတိုးမြင့်စေရေး ဆောင်ရွက်ပေးရန်၊

(ဇ) မသန်စွမ်းသူများ အသုံးပြုနိုင်သည့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ၏ စနစ်များ၊ ပုံစံပြုမှု၊ အသစ်တီထွင်မှု၊ ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှုတို့ကို ဆောလျင်စွာ ဆောင်ရွက်ခြင်းဖြင့် ဖော်ပြပါသတင်းနှင့် ဆက်သွယ်ရေးနည်းပညာစနစ်များအား မသန်စွမ်းသူများ ကိုယ်တိုင်သက်သာသည့် နှုန်းထားဖြင့်သုံးစွဲနိုင်မှု မြှင့်တင်ရန်။

## အပိုဒ် (၁၀) အသက်ရှင်သန်ခွင့်

အဖွဲ့ဝင်နိုင်ငံများသည် လူသားတိုင်းမွေးရာပါ အသက်ရှင်သန်ခွင့်ရှိကြောင်းကို ထပ်လောင်းအတည်ပြုပြီး၊ ၎င်း၏ ထိရောက်သော ရရှိခံစားခွင့်များကို အခြားသူများနည်းတူ မသန်စွမ်းသူများလည်း ရရှိခံစားနိုင်မှုသေချာစေရန် လိုအပ်သောစီမံဆောင်ရွက်မှုများ အားလုံးကို ဆောင်ရွက်ရမည်။

( d ) Provide in buildings and other facilities open to the public signage in Braille and in easy to read and understand forms;

( e ) Provide forms of live assistance and intermediaries, including guides, readers and professional sign language interpreters, to facilitate accessibility to buildings and other facilities open to the public;

( f ) Promote other appropriate forms of assistance and support to persons with disabilities to ensure their access to information;

( g ) Promote access for persons with disabilities to new information and communications technologies and systems, including the Internet;

( h ) Promote the design, development, production and distribution of accessible information and communications technologies and systems at an early stage, so that these technologies and systems become accessible at minimum cost.

**Article 10 Right to life**

States Parties reaffirm that every human being has the inherent right to life and shall take all necessary measures to ensure its effective enjoyment by persons with disabilities on an equal basis with others.

## အပိုဒ် (၁၁) ဘေးအန္တရာယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အခြေအနေများ

အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတကာဥပဒေများဖြစ်သည့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတို့အရ သတ်မှတ်ထားသော လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့်အညီ လက်နက်ကိုင်ပဋိပက္ခများ၊ လူသားချင်းစာနာထောက်ထားမှု အရေးပေါ်အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုတို့အပါအဝင် ဘေးအန္တရာယ်ဖြစ်ပွားသည့် အခြေအနေများတွင် မသန်စွမ်းသူအားလုံးကို အကာအကွယ်ပေးရေးနှင့် ဘေးကင်းလုံခြုံရေးတို့အတွက် လိုအပ်သောအစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။

## အပိုဒ် (၁၂) ဥပဒေအရ တန်းတူအခွင့်အရေးရှိမှုအား အသိအမှတ်ပြုခြင်း

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများတွင် အခြားသူများနည်းတူ မည်သည့်နေရာ၌မဆို ဥပဒေအရတန်းတူအခွင့်အရေးရှိမှုအား အသိအမှတ်ပြုခြင်းကို ထပ်လောင်းအတည်ပြုသည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများလည်း ဥပဒေ၏အကျိုးသက်ရောက်မှုကို အခြားသူများနည်းတူ ရယူခံစားခွင့်ရှိကြောင်းကို အသိအမှတ်ပြုရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ ဥပဒေအကျိုးကို ရယူခံစားနိုင်ရေးအတွက် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် သင့်တော်သောအစီအမံများကို ချမှတ်ဆောင်ရွက်ပေးရမည်။

၄။ ဥပဒေ၏အခွင့်အာဏာကိုအသုံးပြုခြင်းနှင့် ပတ်သက်သောလုပ်ငန်း အစီအမံအားလုံးသည် အလွဲသုံးခြင်းခံရမှုမှ အကာကွယ်ပေးနိုင်ရန် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့်အညီ သင့်တော်၍ ထိရောက်မှုရှိသည့် အကာအကွယ်များဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများက အာမခံရမည်။ ဥပဒေ၏ အခွင့်အာဏာကို လိုက်နာကျင့်သုံးခြင်းနှင့်

## Article 11

## Situations of risk and humanitarian emergencies

States Parties shall take, in accordance with their obligations under international law, including international humanitarian law and international human rights law, all necessary measures to ensure the protection and safety of persons with disabilities in situations of risk, including situations of armed conflict, humanitarian emergencies and the occurrence of natural disasters.

## Article 12 Equal recognition before the law

1. States Parties reaffirm that persons with disabilities have the right to recognition everywhere as persons before the law.

2. States Parties shall recognize that persons with disabilities enjoy legal capacity on an equal basis with others in all aspects of life.

3. States Parties shall take appropriate measures to provide access by persons with disabilities to the support they may require in exercising their legal capacity.

4. States Parties shall ensure that all measures that relate to the exercise of legal capacity provide for appropriate and effective safeguards to prevent abuse in accordance with international human rights law. Such safeguards

ပတ်သက်သည့် အကာကွယ်ပေးမှုများသည် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဆန္ဒနှင့် ဦးစားပေးမှုတို့ကို အလေးထားရမည်။ အာဃာတ တရားနှင့် ဩဇာလွှမ်းမိုးမှု ကင်းလွတ်စေရမည်။ မသန်စွမ်းသူများ၏ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိ၍ အံဝင်ခွင်ကျဖြစ်ရမည်။ ဖြစ်နိုင်သမျှအချိန်တို အတွင်းဆောင်ရွက်နိုင်ရမည်။ ထို့အပြင်ကျွမ်းကျင်သော၊ လွတ်လပ်သော၊ ဘက်မလိုက်သော တာဝန်ရှိသူ (သို့မဟုတ်)တရားစီရင်ရေးအဖွဲ့၏ ပုံမှန်သုံးသပ်မှုပြုလုပ်ခြင်းကို လိုက်နာရမည်။ နာခံရမည်။ ယင်းအကာအကွယ်ပေးမှု အစီအမံများသည် မသန်စွမ်းသူများ၏အကျိုးစီးပွား၊ အခွင့်အရေးတို့အား ထိရောက်သည့် အဆင့်နှင့် လိုက်လျောညီထွေမှုရှိစေရမည်။

၅။ အဖွဲ့ဝင်နိုင်ငံများသည် ဤအပိုဒ်ခွဲပါပြဋ္ဌာန်းချက်များအား ခံစားရရှိစေရန်အတွက် မသန်စွမ်းသူများ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်(သို့မဟုတ်)အမွေပစ္စည်းပိုင်ဆိုင်ခွင့်၊ ကိုယ်ပိုင်ငွေကြေးကိစ္စရပ်များကို စီမံခန့်ခွဲပိုင်ခွင့်နှင့် ဘဏ်ချေးငွေများရယူသုံးစွဲပိုင်ခွင့်၊ အပေါင်ထားခြင်း၊ အခြားနည်းလမ်းများဖြင့် ငွေကြေးကြွေးမြီရယူခြင်းတို့တွင် တန်းတူညီမျှစွာဆောင်ရွက်ခွင့်ရရှိစေရန် သင့်တော်ထိရောက်သည့်အစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။ ထို့အပြင်၊ မသန်စွမ်းသူများ၏ ပစ္စည်းဥစ္စာများ အကြောင်းမဲ့ လက်လွတ်ဆုံးရှုံးမှုမရှိစေရေးကိုလည်း သေချာစေရန်ဆောင်ရွက်ပေးရမည်။

## **အပိုဒ်(၁၃)တရားမျှတမှုရရှိပိုင်ခွင့်**

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ၏အများနည်းတူ တရားမျှတမှုရပိုင်ခွင့်ကို သေချာအောင် ဆောင်ရွက်ပေးရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၎င်းတို့၏ အခန်းကဏ္ဍကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ပါဝင်သူများအဖြစ် ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အသက်အရွယ်အလိုက် သင့်တော်သောနေရာ ထိုင်ခင်းစီစဉ်ပေး၍လည်းကောင်း၊ တရားစီရင်ရေးလုပ်ငန်းစဉ်တိုင်း၌ သက်သေအဖြစ်လည်းကောင်း၊ ရှေးဦးစုံစမ်းမှုအဆင့်နှင့် စုံစမ်းစစ်ဆေးမှုအဆင့်တို့၌လည်းကောင်း ပါဝင်ခွင့်ရှိစေရမည်။

shall ensure that measures relating to the exercise of legal capacity respect the rights, will and preferences of the person, are free of conflict of interest and undue influence, are proportional and tailored to the person's circumstances, apply for the shortest time possible and are subject to regular review by a competent, independent and impartial authority or judicial body. The safeguards shall be proportional to the degree to which such measures affect the person's rights and interests.

5. Subject to the provisions of this article, States Parties shall take all appropriate and effective measures to ensure the equal right of persons with disabilities to own or inherit property, to control their own financial affairs and to have equal access to bank loans, mortgages and other forms of financial credit, and shall ensure that persons with disabilities are not arbitrarily deprived of their property.

## Article 13 Access to justice

1. States Parties shall ensure effective access to justice for persons with disabilities on an equal basis with others, including through the provision of procedural and age-appropriate accommodations, in order to facilitate their effective role as direct and indirect participants, including as witnesses, in all legal proceedings, including at investigative and otherpreliminary stages.

၂။ အဖွဲ့ဝင်နိုင်ငံများသည်မသန်စွမ်းသူများအတွက် ထိရောက်သေချာသည့် တရားစီရင်မှုရရှိနိုင်စေရေးအတွက် ရဲတပ်ဖွဲ့နှင့် အကျဉ်းထောင်ဝန်ထမ်းများ အပါအဝင် တရားစီရင်ရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်နေကြသူများအား သင့်တော်သောလေ့ကျင့်သင်တန်းပေးမှုများ တိုးမြှင့်ဆောင်ရွက်ရမည်။

## အပိုဒ်(၁၄) လူပုဂ္ဂိုလ် လွတ်လပ်မှုနှင့်လုံခြုံရေး

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများလည်းအခြားသူများနည်းတူ-

(က) လွတ်လပ်မှုနှင့်လုံခြုံမှုကိုခံစားခွင့်ရှိခြင်း၊

(ခ) ၎င်းတို့၏လွတ်လပ်ခွင့်ကို ဥပဒေနှင့်အညီမဟုတ်ဘဲ (သို့မဟုတ်) အကြောင်းမဲ့ လက်လွတ်ဆုံးရှုံးမှုမရှိစေခြင်း၊ လက်လွတ်ဆုံးရှုံးမှု တစ်ရပ်ရပ်ရှိပါကလည်း တရားဥပဒေအရသာလျှင် ဆုံးရှုံးမှုဖြစ်စေခြင်းနှင့် မသန်စွမ်းမှုကြောင့် လွတ်လပ်ခွင့် လက်လွတ်ဆုံးရှုံးရမည်ဟု ဆုံးဖြတ်မှုမပြုရခြင်း စသည်တို့အတွက် တာဝန်ယူရမည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည်မသန်စွမ်းသူများအတွက် ၎င်းတို့၏လွတ်လပ်ခွင့်ကို တစ်နည်းနည်းဖြင့် လက်လွတ်ဆုံးရှုံးခြင်းခံရလျှင် ၎င်းတို့အား အခြားသူများနည်းတူ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ အာမခံရမည့်အပြင် သင့်တင့်လျောက်ပတ်သော (ထိုက်သင့်သော) ညှိနှိုင်းဆောင်ရွက်ပေးမှုအပါအဝင် ဤကွန်ဗင်းရှင်းပါ ရည်ရွက်ချက်များနှင့် အခြေခံမှုများအရ ဆောင်ရွက်ရမည်ကိုသေချာစေရမည်။

2. In order to help to ensure effective access to justice for persons with disabilities, States Parties shall promote appropriate training for those working in the field of administration of justice, including police and prison staff.

## Article 14 Liberty and security of the person

1. States Parties shall ensure that persons with disabilities, on an equal basis with others:

( a ) Enjoy the right to liberty and security of person;

( b ) Are not deprived of their liberty unlawfully or arbitrarily, and that any deprivation of liberty is in conformity with the law, and that the existence of a disability shall in no case justify a deprivation of liberty.

2. States Parties shall ensure that if persons with disabilities are deprived of their liberty through any process, they are, on an equal basis with others, entitled to guarantees in accordance with international human rights law and shall be treated in compliance with the objectives and principles of this Convention, including by provision of reasonable accommodation.

## အပိုဒ်(၁၅) လူသားမဆန်သောပြုမူခြင်း(သို့မဟုတ်) ပြစ်ဒဏ်ပေးခြင်းများမှလွတ်ကင်းစေခြင်း

၁။ မသန်စွမ်းသူများကိုမည်သူကမျှနှိပ်စက်ညှဉ်းပမ်းခြင်း (သို့မဟုတ်) ရက်စက်စွာပြုမူခြင်း၊ လူမဆန်စွာဆက်ဆံပြုမူခြင်း (သို့မဟုတ်) လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုလုပ်ခြင်း (သို့မဟုတ်) အပြစ်ပေးခြင်းမပြုလုပ်ရ။ အထူးသဖြင့် မည်သူကမျှ သူ၊ သူမ၏ လွတ်လပ်သော သဘောတူညီမှုမပါဘဲ ဆေးပညာရပ်ဆိုင်ရာ (သို့မဟုတ်) သိပ္ပံပညာဆိုင်ရာစမ်းသပ်မှု မပြုလုပ်ရ။

၂။ မသန်စွမ်းသူများအားနှိပ်စက်ည ,ဉ်းပမ်းခြင်း(သို့မဟုတ်)ရက်စက်စွာပြုမူခြင်း၊ လူမဆန်စွာဆက်ဆံပြုမူခြင်း (သို့မဟုတ်) လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုလုပ်ခြင်း (သို့မဟုတ်) အပြစ်ပေးခြင်းတို့မှ ကြိုတင် ကာကွယ်ပေးရန်အတွက် အဖွဲ့ဝင်နိုင်ငံများသည် ထိရောက်သော ဥပဒေပြုရေး၊ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေး(သို့မဟုတ်) အခြားအစီမံများကို ချမှတ်ဆောင်ရွက်ရမည်။

## အပိုဒ်(၁၆) ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကင်းလွတ်မှုရှိစေရေး

၁။ မသန်စွမ်းသူများအားနေအိမ်အတွင်း၌ဖြစ်စေ၊ နေအိမ်ပြင်ပ၌ဖြစ်စေ၊ ကျား/မကို အခြေပြု၍ခွဲခြားခြင်းအပါအဝင် မည်သည့်နည်းဖြင့်မဆို ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့မှ အကာအကွယ်ပေးရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများက သင့်တော်သောဥပဒေပြုရေး၊ စီမံခန့်ခွဲရေး၊ လူမှုရေး၊ ပညာရေးနှင့် အခြားအစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည်မသန်စွမ်းသူများအား နည်းမျိုးစုံဖြင့်ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်ပေးရန်အတွက် မသန်စွမ်းသူများ၊

## Article 15 Freedom from torture or cruel, inhuman or degrading treatment or punishment

1. No one shall be subjected to torture or to cruel, inhuman or degrading treatment or punishment. In particular, no one shall be subjected without his or her free consent to medical or scientific experimentation.

2. States Parties shall take all effective legislative, administrative, judicial or other measures to prevent persons with disabilities, on an equal basis with others, from being subjected to torture or cruel, inhuman or degrading treatment or punishment.

## Article 16

## Freedom from exploitation, violence and abuse

1. States Parties shall take all appropriate legislative, administrative, social, educational and other measures to protect persons with disabilities, both within and outside the , from all forms of exploitation, violence and abuse, including their gender-based aspects.

2. States Parties shall also take all appropriate measures to prevent all forms of exploitation, violence and abuse by ensuring, inter alia, appropriate

၎င်းတို့၏ မိသားစုများနှင့် ၎င်းတို့အားပြုစုစောင့်ရှောက်သူများကိုကျားမနှင့် အသက်အရွယ် ခွဲခြားမှုမရှိသောအကူအညီများပံ့ပိုးပေးရေးအတွက် သင့်တော်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။ ယင်းအစီအမံများတွင် ခေါင်းပုံဖြတ်မှု၊ အကြမ်းဖက်မှုနှင့်အလွဲသုံးစားပြုမှုတို့ကိုမည်သို့ ရှောင်ရှားရမည်၊ မည်သို့မှတ်သားသိရှိနိုင်မည်၊ ဖြစ်စဉ်ဖြစ်ရပ်များကို မည်သို့အစီရင်ခံရမည် စသည့်ကိစ္စရပ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းနှင့် ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ပါဝင်သည်။ အကာအကွယ်ပေးရေးလုပ်ငန်းများသည် အသက်အရွယ်၊ ကျားမနှင့် မသန်စွမ်းမှုအမျိုးအစားအပေါ် အကြောင်းပြုခွဲခြားမှု မရှိကြောင်း အာမခံရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် နည်းမျိုးစုံဖြင့်ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် အလွဲသုံးစားပြုခြင်းများကို ကြိုတင်ကာကွယ်ရေးအတွက် မသန်စွမ်းသူများအား အကူအညီပေးရန် ရေးဆွဲချမှတ်ထားသည့် လုပ်ငန်းများနှင့် အစီအစဉ်များကို လွတ်လပ်သော အာဏာပိုင်အဖွဲ့အစည်းများက ထိရောက်စွာကြီးကြပ်နိုင်ရေး သေချာအောင် ဆောင်ရွက်ပေးရမည်။

၄။ ခေါင်းပုံဖြတ်မှု၊ အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုမှုတစ်မျိုးမျိုးနှင့် တွေ့ကြုံခံစားရသည့် မသန်စွမ်းသူများနှင့် ပတ်သက်၍ ရုပ်ပိုင်းဆိုင်ရာ၊ အသိဉာဏ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် လူမှုရေးအရ ပြန်လည်ပေါင်းစည်းပေးခြင်းများ တိုးတက်လာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများသည် သင့်တော်သည့်အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။ ယင်းအစီအမံများတွင် အကာအကွယ်ပေးမှုလုပ်ငန်းများလည်း ပါဝင်သည်။ ယင်းသို့သော ပြန်လည်ထူထောင်ပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းတို့သည် မသန်စွမ်းသူ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ မိမိကိုယ်မိမိလေးစားမှု၊ ဂုဏ်သိက္ခာနှင့် လုပ်ပိုင်ခွင့်တို့ကို ဖန်တီးထားသော ပတ်ဝန်းကျင်တစ်ရပ်တွင် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ကျားမ၊ အသက် အရွယ်အလိုက် သီးခြားလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပေးရမည်။

၅။ မသန်စွမ်းသူများအားခေါင်းပုံဖြတ်မှု၊ အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုမှု တစ်ရပ်ရပ်ကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်ပါကတရားစွဲဆိုခြင်းများ သေချာစွာ

forms of gender- and age-sensitive assistance and support for persons with disabilities and their families and caregivers, including through the provision of information and education on how to avoid, recognize and report instances of exploitation, violence and abuse. States Parties shall ensure that protection services are age-, gender- and disability-sensitive.

3. In order to prevent the occurrence of all forms of exploitation, violence and abuse, States Parties shall ensure that all facilities and programmes designed to serve persons with disabilities are effectively monitored by independent authorities.

4. States Parties shall take all appropriate measures to promote the physical, cognitive and psychological recovery, rehabilitation and social reintegration of persons with disabilities who become victims of any form of exploitation, violence or abuse, including through the provision of protection services. Such recovery and reintegration shall take place in an environment that fosters the health, welfare, self-respect, dignity and autonomy of the person and takes into account gender- and age-specific needs.

5. States Parties shall put in place effective legislation and policies, including women- and child-focused legislation and policies, to ensure

ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက အမျိုးသမီးများနှင့် ကလေးသူငယ်များကို အလေးပေး အာရုံစိုက်မှုအပါအဝင်ထိရောက်သော ဥပဒေပြုမှု၊ မူဝါဒချမှတ်မှုတို့ကို စီမံဆောင်ရွက်ရမည်။

## အပိုဒ်(၁၇) လူ့ဂုဏ်သိက္ခာကိုကာကွယ်ပေးခြင်း

မသန်စွမ်းသူတိုင်းသည် အခြားသူများနည်းတူရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လူ့ဂုဏ်သိက္ခာကို လေးစားမှုခံယူပိုင်ခွင့်ရှိသည်။

## အပိုဒ်(၁၈) ရွှေ့ပြောင်းသွားလာခွင့်နှင့် နိုင်ငံသားခံယူခွင့်

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ၏ လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်၊ နေထိုင်မည့်ဒေသကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်နှင့် နိုင်ငံသားဖြစ်ခွင့်တို့ကို အခြားသူများနည်းတူ အသိအမှတ်ပြုရမည်။ ၎င်းကဲ့သို့ အသိအမှတ်ပြုရာတွင် မသန်စွမ်းသူများသည်-

(က) နိုင်ငံသားအဖြစ်ခံယူခွင့်နှင့် နိုင်ငံသားအဖြစ်ပြောင်းလဲခွင့်ရှိသည်။ ၎င်းတို့၏ နိုင်ငံသားဖြစ်ခွင့်ကို အကြောင်းမဲ့ဖြစ်စေ၊ မသန်စွမ်းမှုကိုအကြောင်းပြု၍ဖြစ်စေ၊ လက်လွတ်ဆုံးရှုံးခြင်းမဖြစ်စေရ၊

(ခ) မသန်စွမ်းမှုကိုအကြောင်းပြု၍ နိုင်ငံသားဖြစ်မှုအထောက်အထား(သို့)အခြား အသိအမှတ်ပြုမှု အထောက်အထားများကို ရယူပိုင်ဆိုင်သုံးစွဲခွင့်ကိုလက်လွတ် ဆုံးရှုံးခြင်းမရှိစေရ၊ (သို့)လွတ်လပ်စွာလှုပ်ရှား သွားလာခွင့်အတွက် လိုအပ်သော လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကဲ့သို့သော သက်ဆိုင်ရာလုပ်ငန်းစဉ် အဆင့်ဆင့်ကို အသုံးပြုခြင်းမှ လက်လွတ်ဆုံးရှုံးခြင်းမရှိစေရ၊

(ဂ) မသန်စွမ်းသူများသည် မိခင်နိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို လွတ်လပ်စွာ ထွက်ခွာခွင့်ရှိသည်။

that instances of exploitation, violence and abuse against persons with disabilities are identified, investigated and, where appropriate, prosecuted.

## Article 17 Protecting the integrity of the person

Every person with disabilities has a right to respect for his or her physical and mental integrity on an equal basis with others.

## Article 18 Liberty of movement and nationality

1. States Parties shall recognize the rights of persons with disabilities to liberty of movement, to freedom to choose their residence and to a nationality, on an equal basis with others, including by ensuring that persons with disabilities:

( a ) Have the right to acquire and change a nationality and are not deprived of their nationality arbitrarily or on the basis of disability;

( b ) Are not deprived, on the basis of disability, of their ability to obtain, possess and utilize documentation of their nationality or other documentation of identification, or to utilize relevant processes such as immigration proceedings, that may be needed to facilitate exercise of the right to liberty of movement;

( c ) Are free to leave any country, including their own;

(ဃ) မိခင်နိုင်ငံသို့ဝင်ရောက်ခွင့်ကို အကြောင်းမဲ့ (သို့မဟုတ်) မသန်စွမ်းမှုကို အကြောင်းပြု၍ လက်လွှတ်ဆုံးရှုံးခြင်းမရှိစေရ။

၂။ မသန်စွမ်းကလေးငယ်များကို မွေးဖွားပြီးလျှင်မှတ်ပုံတင်ရမည်ဖြစ်ပြီး မွေးစမှစ၍ အမည်ရပိုင်ခွင့်ရှိရမည်။ နိုင်ငံသားတစ်ဦးဖြစ်ပိုင်ခွင့်၊ ၎င်း၏မိဘများကို မည်သည့်အချိန်တွင်မဆို သိရှိပိုင်ခွင့်နှင့်မိဘများ၏ ပြုစုစောင့်ရှောက်မှုကို ရယူပိုင်ခွင့်လည်းရှိရမည်။

## အပိုဒ်(၁၉) လူ့အသိုင်းအဝိုင်းအတွင်း လွတ်လပ်စွာနေထိုင်စားသောက်ခွင့်

ဤကွန်ဗင်းရှင်းအရ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအားလုံး လူ့အဖွဲ့အစည်းအတွင်း အများနည်းတူတန်းတူညီမျှ ရွေးချယ်နေထိုင်ခွင့်ရှိသည်ကို အသိအမှတ်ပြုသည်။ ဤအခွင့်အရေးကို မသန်စွမ်းသူများအပြည့်အဝ ရရှိခံစားနိုင်စေရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ပြည့်ဝစွာပေါင်းစည်းနေထိုင်ရေးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက်သင့်တော်ထိရောက်သော အစီအမံများချမှတ်ဆောင်ရွက်ရမည်။ ၎င်းကဲ့သို့ ဆောင်ရွက်ရာတွင် -

(က) မသန်စွမ်းသူများတွင် အခြားသူများကဲ့သို့ပင် ၎င်းတို့နေထိုင်သည့် နေရပ်ဒေသနှင့်ပတ်သက်၍ မည်သည့်နေရာတွင် မည်သူများနှင့် အတူနေထိုင်မည်ကို ရွေးချယ်နိုင်သည့်အခွင့်အလမ်းရှိပြီး သတ်မှတ်ထားသည့် သီးခြားနေရာတစ်ခုတည်းတွင်သာ နေထိုင်ရန်မလိုအပ်ပါ။

(ခ) မသန်စွမ်းသူများအတွက် ရပ်ရွာအတွင်းအသက်ရှင်သန်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တို့ကို အထောက်အကူဖြစ်စေသော ကိုယ်ပိုင်အထောက်အကူပြုပုဂ္ဂိုလ်အပါအဝင် အခြားရပ်ရွာ စောင့်ရှောက်ကူညီမှုလုပ်ငန်းများ၊ သင်တန်းကျောင်းနှင့် နေအိမ်များတွင် လက်လှမ်းမှီစောင့်ရှောက်ခွင့်ရရှိရန်နှင့် ရပ်ရွာအတွင်းမှသီးသန့်ခွဲထားခြင်း (သို့မဟုတ်) အထီးကျန်ရပ်တည်ရခြင်းတို့ကို ကာကွယ်ရန် လိုအပ်သည်၊

( d ) Are not deprived, arbitrarily or on the basis of disability, of the right to enter their own country.

2. Children with disabilities shall be registered immediately after birth and shall have the right from birth to a name, the right to acquire a nationality and, as far as possible, the right to know and be cared for by their parents.

**Article 19 Living independently and being included in the community**

States Parties to this Convention recognize the equal right of all persons with disabilities to live in the community, with choices equal to others, and shall take effective and appropriate measures to facilitate full enjoyment by persons with disabilities of this right and their full inclusion and participation in the community, including by ensuring that:

( a ) Persons with disabilities have the opportunity to choose their place of residence and where and with whom they live on an equal basis with others and are not obliged to live in a particular living arrangement;

( b ) Persons with disabilities have access to a range of in-, residential and other community support services, including personal assistance necessary to support living and inclusion in the community, and to prevent isolation or segregation from the community;

(ဂ) ရပ်ရွာဝန်ဆောင်မှုလုပ်ငန်းများနှင့်ပံ့ပိုးမှုများသည် အများပြည်သူအတွက်သာမက မသန်စွမ်းသူများလည်း အများနည်းတူရရှိနိုင်ပြီး၊ ၎င်းတို့၏လိုအပ်ချက်များအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

## အပိုဒ်(၂၀) ကိုယ်တိုင်လှုပ်ရှားသွားလာနိုင်မှု

အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ တတ်နိုင်သမျှအမြင့်ဆုံး အမှီအခိုကင်းစွာ ကိုယ်ပိုင်လှုပ်ရှားသွားလာမှုကိုသေချာစေရန် ထိရောက်မှုရှိသော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။ အောက်ပါအချက်များကို ထည့်သွင်းလုပ်ဆောင်သွားရမည် -

(က) မသန်စွမ်းမှုအမျိုးအစားအလိုက်၎င်းတို့ ကိုယ်တိုင်လှုပ်ရှားသွားလာရန် ဆန္ဒရှိသောအချိန်၊ ၎င်းတို့တတ်နိုင်သောနှုန်းထားအတိုင်း အဆင်ပြေလွယ်ကူစေခြင်း၊

(ခ) မသန်စွမ်းသူများအတွက် ကြားခံအကူအညီနှင့် တိုက်ရိုက်အကူအညီပေးမှုနည်းလမ်းများ၊ နည်းပညာများပံ့ပိုးမှု၊ အထောက်အကူပြုပစ္စည်းများ၊ အရည်အသွေးမီ လှုပ်ရှားသွားလာမှု အထောက်အကူပစ္စည်းများရရှိ သုံးစွဲနိုင်ခွင့်နှင့် ၎င်းတို့အား မသန်စွမ်းသူများတတ်နိုင်သောနှုန်းထားဖြင့် ရရှိနိုင်အောင် ပြုလုပ်ပေးခြင်း၊

(ဂ) မသန်စွမ်းသူများနှင့် ၎င်းတို့အတွက်ဆောင်ရွက်နေသော ကျွမ်းကျင်သူ၊ ဝန်ထမ်းများအား လှုပ်ရှားသွားလာမှုကျွမ်းကျင်ရေးဆိုင်ရာ သင်တန်းများပေးခြင်း၊

(ဃ) မသန်စွမ်းသူများ၏ ကဏ္ဍအားလုံးကိုထည့်သွင်းစဉ်းစားသည့် နည်းပညာပံ့ပိုးမှု၊ အထောက်အကူပစ္စည်းများ၊ လှုပ်ရှားသွားလာမှုအထောက်အကူပြုပစ္စည်းများ ပါဝင်သည့် အဆောက်အဦများ ဆောက်လုပ်ခြင်းကို တိုက်တွန်းအားပေးခြင်း။

( c ) Community services and facilities for the general population are available on an equal basis to persons with disabilities and are responsive to their needs.

## Article 20 Personal mobility

States Parties shall take effective measures to ensure personal mobility with the greatest possible independence for persons with disabilities, including by:

( a ) Facilitating the personal mobility of persons with disabilities in the manner and at the time of their choice, and at affordable cost;

( b ) Facilitating access by persons with disabilities to quality mobility aids, devices, assistive technologies and forms of live assistance and intermediaries, including by making them available at affordable cost;

( c ) Providing training in mobility skills to persons with disabilities and to specialist staff working with persons with disabilities;

( d ) Encouraging entities that produce mobility aids, devices and assistive technologies to take into account all aspects of mobility for persons with disabilities.

## အပုဒ်(၂၁) ထင်မြင်ယူဆချက်များအားလွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သတင်းအချက်အလက်များရရှိပိုင်ခွင့်

အဖွဲ့ဝင်နိုင်ငံများသည် ဤကွန်ဗင်းရှင်းအပိုဒ်(၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မသန်စွမ်းသူများအနေဖြင့်၎င်းတို့၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာရှာဖွေရန်၊ ရယူရန်၊ ဖြန့်ဖြူးရန်အတွက် ၎င်းတို့နှစ်သက်ရာ ဆက်သွယ်ရေးစနစ်များဖြင့် အခြားသူများနည်းတူ ဆောင်ရွက်ခွင့်ရရှိရေးအတွက် သင့်တော်သောနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင်-

(က) အများပြည်သူအတွက် ရည်ရွယ်ဖြန့်ဖြူးသော သတင်းအချက်အလက်များကို မသန်စွမ်းမှုအမျိုးအစားအလိုက် သင့်တော်သော သတင်းရယူမှုပုံစံနှင့် နည်းပညာရပ်များဖြင့် မသန်စွမ်းသူများအတွက် သီးခြားအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အချိန်မီရရှိအောင်ဆောင်ရွက်ပေးခြင်း၊

(ခ) လက်သင်္ကေတပြဘာသာစကား၊ မျက်မမြင်စာ၊အခြားဆင့်ပွားနှင့်သမားရိုးကျမဟုတ်သော ဆက်သွယ်ရေးနည်းလမ်းများ၊ အလွယ်တကူအသုံးပြုနိုင် သော အခြားဆက်သွယ်ရေးနည်းလမ်းများ၊ ဆက်သွယ်ရေးပုံစံများအနက် ၎င်းတို့နှစ်သက်ရာ နည်းလမ်းများကိုအသုံးပြုခြင်းအား တရားဝင်လက်ခံခြင်းနှင့် အဆင်ပြေချောမောစေရေးဆောင်ရွက်ပေးခြင်း၊

(ဂ) အင်တာနက်မှ တဆင့်ဝန်ဆောင်မှုပေးခြင်းများအပါအဝင် ပြည်သူအများသို့ ဝန်ဆောင်မှုများပေးနေသော ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများအား မသန်စွမ်းသူများအတွက် ၎င်းတို့အလွယ်တကူရယူသုံးစွဲနိုင်သည့် ပုံစံများဖြင့်သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ထုတ်လုပ်ဆောင်ရွက်ပေးရန် အားပေးတိုက်တွန်းခြင်း၊

(ဃ) အင်တာနက်မှတစ်ဆင့် သတင်းအချက်အလက်ဖြန့်ဝေသူများ အပါအဝင်

**Article 21**

**Freedom of expression and opinion, and access to information**

States Parties shall take all appropriate measures to ensure that persons with disabilities can exercise the right to freedom of expression and opinion, including the freedom to seek, receive and impart information and ideas on an equal basis with others and through all forms of communication of their choice, as defined in article 2 of the present Convention, including by:

( a ) Providing information intended for the general public to persons with disabilities in accessible formats and technologies appropriate to different kinds of disabilities in a timely manner and without additional cost;

( b ) Accepting and facilitating the use of sign languages, Braille, augmentative and alternative communication, and all other accessible means, modes and formats of communication of their choice by persons with disabilities in official interactions;

( c ) Urging private entities that provide services to the general public, including through the Internet, to provide information and services in accessible and usable formats for persons with disabilities;

( d ) Encouraging the mass media, including providers of

လူထုဆက်သွယ်ရေးလုပ်ငန်းရှင်များအား ၎င်းတို့ထုတ်လွှင့်သောအကြောင်းအရာများကို မသန်စွမ်းသူများအလွယ်တကူရယူ သုံးစွဲနိုင်ရန်အတွက် ဆောင်ရွက်ပေးရန် အားပေးအားမြှောက်ပြုခြင်း၊

(င) လက်သင်္ကေတပြဘာသာစကားအသုံးပြုမှုကို အသိအမှတ်ပြုခြင်းနှင့် မြှင့်တင်ပေးခြင်း။

## အပိုဒ်(၂၂) ပုဂ္ဂိုလ်ရေးကိစ္စကိုလေးစားခြင်း

၁။ မည်သည့်မသန်စွမ်းမှုကိုမျှ မည်သည့်အရပ်၌နေထိုင်သည်ဖြစ်စေ(သို့) မည်သည့်အဆင့်အတန်းဖြင့်နေထိုင်သည်ဖြစ်စေ ၎င်း၏ပုဂ္ဂိုလ်ရေးကိစ္စ၊ မိသားစုကိစ္စ၊ စာပေးစာယူ(သို့) အခြားနည်းလမ်းများဖြင့် ဆက်သွယ်ခြင်းများကို အဓမ္မသို့မဟုတ် တရားဥပဒေနှင့် မညီသော ဝင်ရောက်စွက်ဖက်မှုများမပြုလုပ်ရ။ အလားတူပင်၎င်းတို့၏ ဂုဏ်သိက္ခာနှင့်အမည်ဂုဏ်သတင်းကို ထိခိုက်စေသည့် စော်ကားမှုများကိုလည်းမပြုလုပ်ရ။ မသန်စွမ်းသူများသည် အဆိုပါဝင်ရောက်စွက်ဖက်မှုများ (သို့)စော်ကားမှုများကို တရားဥပဒေအရ ကာကွယ်ပိုင်ခွင့်ရှိသည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ၏ ပုဂ္ဂိုလ်ရေးကိစ္စ၊ ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ သတင်းအချက်အလက်များလုံခြုံမှုကို အခြားသူများနည်းတူ အကာအကွယ်ပေးရမည်။

## အပိုဒ်(၂၃) နေအိမ်နှင့်မိသားစုကိုလေးစားခြင်း

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအနေဖြင့် ထိမ်းမြားလက်ထပ်ခြင်း၊ မိသားစုဘဝတည်ဆောက်ခြင်း၊ မိဘနေရာတာဝန်ယူခြင်း၊ ပေါင်းသင်းဆက်ဆံခြင်းများနှင့် ဆက်စပ်သည့်ကိစ္စတွင် ခွဲခြားဆက်ဆံမှုများပပျောက်စေရန်အတွက် အများနည်းတူ

information through the Internet, to make their services accessible to persons with disabilities;

( e ) Recognizing and promoting the use of sign languages.

**Article 22 Respect for privacy**

1. No person with disabilities, regardless of place of residence or living arrangements, shall be subjected to arbitrary or unlawful interference with his or her privacy, family, or correspondence or other types of communication or to unlawful attacks on his or her honour and reputation. Persons with disabilities have the right to the protection of the law against such interference or attacks.

2. States Parties shall protect the privacy of personal, health and rehabilitation information of persons with disabilities on an equal basis with others.

**Article 23 Respect for and the family**

1. States Parties shall take effective and appropriate measures to eliminate discrimination against persons with disabilities in all matters relating to marriage, family, parenthood and relationships, on an equal basis with

ထိရောက်ပြီး သင့်တော်သောအစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။ သို့မှသာ အောက်ပါ အချက်များနှင့် ညီညွတ်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်-

(က) အိမ်ထောင်ပြုနိုင်သည့်အသက်အရွယ်သို့ရောက်ရှိနေသောမသန်စွမ်းသူ အားလုံးသည် ၎င်းတို့အိမ်ထောင်ဖက်နှစ်ဦးစလုံး၏ သဘောတူညီချက်ဖြင့် လွတ်လပ်စွာ မိသားစုဘဝထူထောင်ခြင်းကို အသိအမှတ်ပြုပေးခြင်း၊

( ခ ) မသန်စွမ်းသူများတွင် မိမိတို့ရယူလိုသည့် သားသမီးအရေအတွက်၊ သား ဆက်ခြား ကာလတို့ကိုလွတ်လပ်စွာနှင့် တာဝန်သိစွာဆုံးဖြတ်ပိုင်ခွင့်အား လည်းကောင်း၊ အသက်အရွယ်နှင့် လျော်ညီသောသတင်းအချက်အလက်များ၊ မျိုးပွားခြင်းဆိုင်ရာနှင့် မိသားစုစီမံကိန်းဆိုင်ရာပညာပေးမှုများ ရယူပိုင်ခွင့်များကို အသိအမှတ်ပြုရမည့်အပြင် ယင်းအခွင့်အရေးများကို ဆောင်ရွက်နိုင်မည့် လိုအပ်သောနည်းလမ်းကို စီစဉ်ဆောင်ရွက်ပေးရမည်၊

( ဂ ) မသန်စွမ်းကလေးသူငယ်များအပါအဝင် မသန်စွမ်းသူများသည် ၎င်းတို့၏ မျိုးဆက်ပွားမှုကို အခြားသူများနည်းတူဆက်လက်ထိန်းသိမ်း ပိုင်ဆိုင်ခွင့် ရရှိရေးကို ဆောင်ရွက်ပေးရမည်။

၂။ အုပ်ထိန်းခြင်းကဏ္ဍ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းကဏ္ဍ၊ ဘဏ္ဍာငွေထိန်းသိမ်းခြင်း ကဏ္ဍ၊ ကလေးမွေးစားခြင်း သို့မဟုတ် အလားတူကဏ္ဍများအစရှိသည့် သဘောတရား များသည်နိုင်ငံ၏ တရားဥပဒေတွင်ပါဝင်နေပါက အဆိုပါသဘောတရားများနှင့် ဆက်စပ် သော မသန်စွမ်းသူများ၏ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို သေချာစေရန် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆောင်ရွက်ပေးရမည်။ ကိစ္စရပ်အားလုံးတွင် ကလေးသူငယ်၏ အကျိုးစီးပွားကိုသာ ပဓာနထားရမည်။ မသန်စွမ်းသူများကို ၎င်းတို့၏ သားသမီးမွေးဖွား ပြုစုစောင့်ရှောက်ခြင်းဆောင်ရွက်ချက်များအတွက် သင့်တော်သောအကူအညီကို အဖွဲ့ဝင် နိုင်ငံများမှ ဆောင်ရွက်ပေးရမည်။

၃။ မသန်စွမ်းကလေးများအနေဖြင့် မိသားစုဘဝနှင့် ပတ်သက်၍တန်းတူအခွင့်ရှိစေရန် အတွက် အဖွဲ့ဝင်နိုင်ငံများမှ အသေအချာဆောင်ရွက်ပေးရမည်။ ထိုရပိုင်ခွင့်များကို

others, so as to ensure that:

( a ) The right of all persons with disabilities who are of marriageable age to marry and to found a family on the basis of free and full consent of the intending spouses is recognized;m

(b ) The rights of persons with disabilities to decide freely and responsibly on the number and spacing of their children and to have access to age-appropriate information, reproductive and family planning education are recognized, and the means necessary to enable them to exercise these rights are provided;

( c ) Persons with disabilities, including children, retain their fertility on an equal basis with others.

2. States Parties shall ensure the rights and responsibilities of persons with disabilities, with regard to guardianship, wardship, trusteeship, adoption of children or similar institutions, where these concepts exist in national legislation; in all cases the best interests of the child shall be paramount. States Parties shall render appropriate assistance to persons with disabilities in the performance of their child-rearing responsibilities.

3. States Parties shall ensure that children with disabilities have equal rights with respect to family life. With a view to realizing these rights, and to

အကောင်အထည်ဖော်ရန် အတွက်လည်းကောင်း၊ မသန်စွမ်းကလေးငယ်များအား ကွယ်ဝှက်ထားခြင်း၊ စွန့်ပစ်ခြင်း၊ လျစ်လျူရှုခြင်းနှင့် ခွဲခြားခြင်းတို့အား တားဆီးရန်အတွက်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မသန်စွမ်းသူကလေးငယ်များနှင့် ၎င်းတို့မိသားစုများအတွက် ပြီးပြည့်စုံသော သတင်းအချက်အလက်၊ ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများကို စောစီးစွာရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

၄။ တရားစီရင်မှုဆိုင်ရာ ဝေဖန်စစ်ဆေးမှုများကို ပြုလုပ်ပေးရသော စွမ်းရည်ပြည့်ဝသည့် တာဝန်ရှိသူများမှ ကလေးငယ်အား၎င်း၏မိဘများထံမှ ခွဲထားခြင်းသည် ကလေး၏ကောင်းကျိုးစီးပွားအတွက် လိုအပ်သည်ဟုသက်ဆိုင်သော တည်ဆဲတရားဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ကြသည့်အချိန်မှတစ်ပါး ကလေးငယ်တစ်ဦးသည် ၎င်း၏သဘောဆန္ဒနှင့်ဆန့်ကျင်၍ ၎င်း၏မိဘများထံမှ ခွဲထားခံရခြင်းမျိုးမရှိစေရ။ မည်သည့်အခြေအနေတွင်မဆို ကလေးငယ်သည် ၎င်းကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ မိဘတစ်ဦးဦးသော်လည်းကောင်း၊ ၎င်း၏မိဘ နှစ်ဦးစလုံးသော်လည်းကောင်းခံစားနေရသော မသန်စွမ်းမှုတစ်ခုကိုအခြေပြု၍ ၎င်း၏မိဘများထံမှ ခွဲထုတ်ခံရခြင်းမျိုးမရှိစေရ။

၅။ မသန်စွမ်းမှုကိုခံစားနေရသော ကလေးငယ်တစ်ဦးအား ၎င်း၏အနီးကပ်ဆုံးမိသားစုမှ ပြုစုစောင့်ရှောက်ခြင်းမပြုနိုင်သည့်အခါမျိုးတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပို၍ကျယ်ပြန့်သော မိသားစုအတွင်း၌ဖြစ်စေ၊ ထိုသို့မဖြစ်နိုင်သည့်အခါမျိုးတွင် ရပ်ရွာအတွင်းတွင် မိသားစုအနေအထားတစ်ခု၌ဖြစ်စေ အစားထိုးပြုစုစောင့်ရှောက်မှုကိုပေးရန်အတွက် တတ်စွမ်းသမျှကြိုးစားအားထုတ်ရမည်။

## အပိုဒ် (၂၄) ပညာရေး

၁။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများပညာသင်ကြားခွင့်ရှိသည်ကို အသိအမှတ်ပြုသည်။ ထိုအခွင့်အရေးသည် ခွဲခြားဆက်ဆံမှုမရှိဘဲ အခွင့်အရေးတန်းတူညီမျှခြင်း အပေါ်တွင် အခြေခံ၍ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများသည် အဆင့်အားလုံး၌ လူတိုင်းအကျုံးဝင်ပညာရေးစနစ်နှင့် ဘဝတစ်သက်တာ လေ့လာမှုများရရှိရေးကိုသေချာအောင်ဆောင်ရွက်ပေးရမည်-

prevent concealment, abandonment, neglect and segregation of children with disabilities, States Parties shall undertake to provide early and comprehensive information, services and support to children with disabilities and their families.

4. States Parties shall ensure that a child shall not be separated from his or her parents against their will, except when competent authorities subject to judicial review determine, in accordance with applicable law and procedures, that such separation is necessary for the best interests of the child. In no case shall a child be separated from parents on the basis of a disability of either the child or one or both of the parents.

5. States Parties shall, where the immediate family is unable to care for a child with disabilities, undertake every effort to provide alternative care within the wider family, and failing that, within the community in a family setting.

**Article 24 Education**

1. States Parties recognize the right of persons with disabilities to education. With a view to realizing this right without discrimination and on the basis of equal opportunity, States Parties shall ensure an inclusive education system at all levels and life long learning directed to:

(က) လူသားစွမ်းရည်၊ လူ့ဂုဏ်သိက္ခာကိုနားလည်သိရှိမှုနှင့် မိမိကိုယ်ကို တန်ဖိုးထားမှု တို့အပြည့်အဝတိုးတက်စေခြင်း၊ လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်နှင့် လူ့သဘာဝကွဲပြားခြားနားမှုများအပေါ်လေးစားမှုတို့ကိုပိုမိုခိုင်မာစေခြင်း၊

(ခ) မသန်စွမ်းသူများသည် ၎င်းတို့၏ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုယ်စွမ်းရည်၊ ဖန်တီးနိုင်မှုစွမ်းရည်နှင့်တကွ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်နိုင်မှု များကို ၎င်းတို့အလားအလာရှိသလောက် အပြည့်အဝဆုံးဖွံ့ဖြိုးတိုးတက်လာ စေခြင်း၊

(ဂ) မသန်စွမ်းသူများကို အတားအဆီးကင်းသော လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ ထိရောက်စွာပါဝင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်း။

၂။ ဤရပိုင်ခွင့်ကို အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံများသည်-

(က) မသန်စွမ်းသူများအား၎င်းတို့၏ မသန်စွမ်းမှုကို အကြောင်းပြု၍ ပညာရေးစနစ်မှ ချန်လှပ်ထားခြင်းမခံရစေရန်လည်းကောင်း၊ မသန်စွမ်းကလေးငယ်များကိုလည်း အခမဲ့၊ မသင်မနေရမူလတန်းပညာရေးသို့မဟုတ် အလယ်တန်းပညာရေး မှ ချန်လှပ်ထားခြင်း မခံရစေရန်လည်းကောင်း၊

(ခ) မသန်စွမ်းသူများသည် လူတိုင်းအကျုံးဝင်သော၊ အရည်အသွေးပြည့်မီသော၊ အခမဲ့ဖြစ်ပြီး လူတိုင်းအကျုံးဝင်သော မူလတန်းနှင့်အလယ်တန်းပညာများကို ၎င်းတို့နေထိုင်ရာ ရပ်ရွာများတွင်အများနည်းတူ သင်ယူခွင့်ရှိရန်လည်းကောင်း၊

(ဂ) လူတစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော သင့်တင့်မျှတသည့် လိုအပ်ချက်များ စီစဉ်ပေးရန်လည်းကောင်း၊

( a ) The full development of human potential and sense of dignity and self-worth, and the strengthening of respect for human rights, fundamental freedoms and human diversity;

( b ) The development by persons with disabilities of their personality, talents and creativity, as well as their mental and physical abilities, to their fullest potential;

( c ) Enabling persons with disabilities to participate effectively in a free society.

2. In realizing this right, States Parties shall ensure that:

( a ) Persons with disabilities are not excluded from the general education system on the basis of disability, and that children with disabilities are not excluded from free and compulsory primary education, or from secondary education, on the basis of disability;

( b ) Persons with disabilities can access an inclusive, quality and free primary education and secondary education on an equal basis with others in the communities in which they live;

( c ) Reasonable accommodation of the individual's requirements is provided;

(ဃ) မသန်စွမ်းသူများအတွက် ထိရောက်သော ပညာသင်ကြားမှုကို အဆင်ပြေချောမွေ့စေရန်အတွက်လိုအပ်မည့် ပံ့ပိုးမှုများကို ပုံမှန်ပညာရေးစနစ်အတွင်းမှာပင်ရရှိနိုင်ရန်လည်းကောင်း၊

( င ) အပြည့်အဝပါဝင်ခွင့်ရရှိရေးရည်မှန်းချက်နှင့်အညီမသန်စွမ်းသူ တစ်ဦးချင်းစီအား အမြင့်မားဆုံးသော ပညာရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေနိုင်သည့်ပတ်ဝန်းကျင်တွင်ထိရောက်မှုရှိသော ကူညီပံ့ပိုးမှုများပေးရန်လည်းကောင်း။

၃။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများကို ပညာရေးတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်းဝင် တစ်ဦးအဖြစ်လည်းကောင်း အပြည့်အဝနှင့် တန်းတူပါဝင်နိုင်ရေးကို အားပေးရန်အတွက် ဘဝတွက်တာနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့လာသင်ယူခွင့်ရရှိရန် ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများသည်များသည် အောက်ပါအတိုင်းသင့်တင့်လျောက်ပတ်သော ဆောင်ရွက်မှုများကို လုပ်ဆောင်ပေးရမည်-

(က) ဆက်သွယ်ခြင်း၊ ဆက်သွယ်ရေးနည်းလမ်းနှင့်ပုံစံများ၊ အရပ်မျက်နှာမှန်းဆခြင်းနှင့် လှည့်လည်သွားလာခြင်းစွမ်းရည်တို့လေ့လာသင်ယူသူကို ကူညီပေးခြင်းနှင့် ရွယ်တူ/ဘဝတူခြင်းကူညီပံ့ပိုးမှုနှင့် အကြံပေးမှုကိုပံ့ပိုးပေးခြင်း၊

(ခ) လက်သင်္ကေတပြဘာသာစကားသင်ယူလေ့လာမှုကိုအကူအညီပေးခြင်းနှင့် နားမကြားသူများအသိုင်းအဝိုင်း၏ ဘာသာစကားဆိုင်ရာတူညီရေးကို တိုးတက်စေခြင်း၊

(ဂ) မသန်စွမ်းသူများအထူးသဖြင့် အမြင်အာရုံချို့တဲ့သောကလေးသူငယ်များ၊ အကြားအာရုံချို့တဲ့သောကလေးသူငယ်များ၊ အမြင်အာရုံနှင့်အကြားအာရုံနှစ်မျိုးလုံးချို့တဲ့သော ကလေးသူငယ်များအား ပညာသင်ကြားရာတွင် ၎င်းတို့တစ်ဦးချင်းစီအတွက် အသင့်လျော်ဆုံးဘာသာစကား၊ ဆက်သွယ်ရေး

( d ) Persons with disabilities receive the support required, within the general education system, to facilitate their effective education;

( e ) Effective individualized support measures are provided in environments that maximize academic and social development, consistent with the goal of full inclusion.

3. States Parties shall enable persons with disabilities to learn life and social development skills to facilitate their full and equal participation in education and as members of the community. To this end, States Parties shall take appropriate measures, including:

( a ) Facilit communication and orientation and mobility skills, and facilitating peer support and mentoring;

( b ) Facilitating the learning of sign language and the promotion of the linguistic identity of the deaf community;

( c ) Ensuring that the education of persons, and in particular children, who are blind, deaf or deafblind, is delivered in the most appropriate languages and modes and means of communication for the individual, and in environments which

ပုံစံများနှင့် နည်းလမ်းများဖြင့် အမြင့်မားဆုံးပညာရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုး တက်မှု ရရှိစေရန်အတွက်ပတ်ဝန်းကျင်များဆောင်ရွက်ပေးခြင်း။

၄။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ၏ ပညာသင်ကြားခွင့်ကို ဖြည့်ဆည်းရာတွင် အထောက်အကူဖြစ်စေရန်အတွက် မသန်စွမ်းသူဆရာ/ဆရာမများအပါအဝင် လက်သင်္ကေတပြဘာသာစကားသို့မဟုတ် မျက်မမြင်လက်စမ်းစာများကို ကျွမ်းကျင်သည့် ဆရာ/ဆရာမများကိုခန့်ထားရန်နှင့် ပညာရေးစနစ်၏ အဆင့်တိုင်းတွင် တာဝန်ထမ်းဆောင်နေသော ကျွမ်းကျင် ပညာရှင်များနှင့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရန်တို့အတွက် လိုအပ်သောဆောင်ရွက်ချက်များကို ပြုလုပ်ရမည်။ အဆိုပါသင်တန်းများတွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းပါဝင်ရမည့်အပြင် သင့်တော်သော ဆင့်ပွားနှင့် သမားရိုးကျမဟုတ်သည့် ဆက်သွယ်ရေးနည်းလမ်းနှင့် ပုံစံများ အသုံးပြုမှု၊ မသန်စွမ်းသူများအတွက် ပညာသင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ပညာသင်ကြားရေးနည်းစနစ်များ အစရှိသည်တို့ကိုလည်း သင်ကြားပေးရမည်။

၅။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများကို အဆင့်မြင့်ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာ၊ သက်ကြီးပညာရေးနှင့် ဘဝတစ်သက်တာ လေ့လာသင်ယူရေးတို့တွင် ခွဲခြားဆက်ဆံခံရခြင်းမရှိဘဲ အများနည်းတူ လက်ခံရရှိသင်ကြားနိုင်စွမ်းရှိရေးသေချာစေရန် လိုအပ်သောအစီအမံများချမှတ် ဆောင်ရွက်ပေးရမည်။ ဤသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအတွက် သင့်တင့်လျောက်ပတ်သည့် နေရာထိုင်ခင်း စီစဉ်ပေးမှုကိုလည်း အသေအချာပြုလုပ်ပေးရမည်။

## အပိုဒ်(၂၅) ကျန်းမာရေး

အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအနေဖြင့် အမြင့်ဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုစံနှုန်းကို ၎င်းတို့၏ မသန်စွမ်းဖြစ်မှုကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံခံရခြင်းမရှိစေဘဲ ရရှိခံစားခွင့်ရှိကြောင်းကို အသိအမှတ်ပြုသည်။ အဖွဲ့ဝင်နိုင်ငံများသည်

maximize academic and social development.

4. In order to help ensure the realization of this right, States Parties shall take appropriate measures to employ teachers, including teachers with disabilities, who are qualified in sign language and/or Braille, and to train professionals and staff who work at all levels of education. Such training shall incorporate disability awareness and the use of appropriate augmentative and alternative modes, means and formats of communication, educational techniques and materials to support persons with disabilities.

5. States Parties shall ensure that persons with disabilities are able to access general tertiary education, vocational training, adult education and lifelong learning without discrimination and on an equal basis with others. To this end, States Parties shall ensure that reasonable accommodation is provided to persons with disabilities.

## Article 25 Health

States Parties recognize that persons with disabilities have the right to the enjoyment of the highest attainable standard of health without discrimination on the basis of disability. States Parties shall take all appropriate measures

မသန်စွမ်းသူများအတွက် ကျန်းမာရေးအရ ပြန်လည်ထူထောင်ခြင်း အပါအဝင် ကျား/မကဏ္ဍဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များကို ဦးစားပေးသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိမှုသေချာစေရန်လိုအပ်သောဆောင်ရွက်မှုများကို ပြုလုပ်ပေးရမည်။ အထူးသဖြင့် အဖွဲ့ဝင် နိုင်ငံများသည်-

(က) မသန်စွမ်းသူများသည်လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွားကျန်းမာရေးနှင့် လူထုအခြေပြုပြည်သူ့ကျန်းမာရေးအစီအစဉ်များအပါအဝင် အခြားသူများခံစားရသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်အစီအစဉ်များကို တူညီသောနယ်ပယ်၊ အရည်အသွေး၊ အဆင့်အတန်းဖြင့်အခမဲ့(သို့မဟုတ်)သင့်တော်သည့် နှုန်းထားဖြင့် ရရှိခံစားနိုင်ရန် အသေအချာဆောင်ရွက်ပေးရမည်၊

(ခ) မသန်စွမ်းသူများ၏ မသန်စွမ်းမှုကြောင့် အထူးလိုအပ်နေသော အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စောစီးစွာရှာဖွေသတ်မှတ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းများကို လိုအပ်သလိုပံ့ပိုးပေးခြင်း၊ မသန်စွမ်းကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ထပ်မံကြုံတွေ့လာနိုင်သည့် မသန်စွမ်းဖြစ်မှုများကို လျှော့ချကာကွယ်ရန် စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်၊

(ဂ) အဆိုပါကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအပါအဝင်ရပ်ရွာလူထု၏ ဖြစ်နိုင်သမျှ အနီးစပ်ဆုံး ရပ်ရွာဒေသတွင်ပင် ဆောင်ရွက်ပေးရမည်၊

(ဃ) အခြားသူများနည်းတူ မသန်စွမ်းသူများအား တူညီသောအရည်အသွေးမီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြည့်ဆည်းပေးရေးအတွက် ကျန်းမာရေးကျွမ်းကျင်သူပညာရှင်များ လိုအပ်မည်ဖြစ်သည်။ အဆိုပါကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် အခမဲ့စနစ်အပါအဝင်အများပြည်သူနှင့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများတွင် စံကျင့်ဝတ်များချမှတ်ပြဋ္ဌာန်းပေးခြင်း၊

to ensure access for persons with disabilities to health services that are gender-sensitive, including health-related rehabilitation. In particular, States Parties shall:

( a ) Provide persons with disabilities with the same range, quality and standard of free or affordable health care and programmes as provided to other persons, including in the area of sexual and reproductive health and population-based public health programmes;

( b ) Provide those health services needed by persons with disabilities specifically because of their disabilities, including early identification and intervention as appropriate, and services designed to minimize and prevent further disabilities, including among children and older persons;

( c ) Provide these health services as close as possible to people's own communities, including in rural areas;

( d ) Require health professionals to provide care of the same quality to persons with disabilities as to others, including on the basis of free and informed consent by, inter alia, raising awareness of the human rights, dignity, autonomy and needs of persons with disabilities through training and the promulgation of ethical

သင်တန်းများပေးခြင်းတို့ဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ၊ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်နှင့် လိုအပ်ချက်များနှင့် ပတ်သက်သော အသိပညာပေးရေးလုပ်ငန်းများပါဝင်သည်၊

( င ) နိုင်ငံ၏ဥပဒေအရ ခွင့်ပြုထားသော ကျန်းမာရေးအာမခံနှင့် အသက်အာမခံလုပ်ငန်းများတွင် မသန်စွမ်းသူများအား ထိုသို့အာမခံမျိုးမထားရန် ခွဲခြားခြင်းကို တားမြစ်ရမည့်အပြင် တရားသဖြင့် ညီညွတ်မျှတအောင် ဆောင်ရွက်ပေးရမည်၊

( စ ) မသန်စွမ်းမှုကို အကြောင်းပြု၍ ကျန်းမာရေးစောင့်ရှောက်မှု (သို့) ကျန်းမာရေး၊ ဝန်ဆောင်မှု(သို့)အစာရေစာ စသည်တို့ကိုငြင်းပယ်ခြင်းမှကြိုတင် ကာကွယ်ပေးရမည်။

## အပိုဒ်(၂၆) ထူထောင်မှုနှင့် ပြန်လည်ထူထောင်မှု

၁။ အဖွဲ့ဝင်နိုင်ငံများသည်မသန်စွမ်းသူများအနေဖြင့် မှီခိုမှု အနည်းဆုံးဖြင့်ရပ်တည်ကာ ယင်းအခြေအနေကို ထိန်းသိမ်းနိုင်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များတွင်အကောင်းဆုံးရပ်တည်ကာ ယင်းအခြေအနေကို ထိန်းသိမ်းနိုင်ရေးနှင့်လူ့ဘဝ၏ ကဏ္ဍပေါင်းစုံတွင် အပြည့်ဝဆုံးပေါင်းစည်းပါဝင် ဆောင်ရွက်နိုင်ရေးတို့အတွက် မသန်စွမ်းသူများနှင့် ရွယ်တူ၊ ဘဝတူခြင်းကူညီပံ့ပိုးပေးမှု ပါဝင်သည့် ထိရောက်သင့်တော်သော အစီအမံများကို အဖွဲ့ဝင်နိုင်ငံများက ချမှတ်ဆောင်ရွက်ရမည်။ ဤသို့စီမံဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများသည် ပြီးပြည့်စုံသော ထူထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လုပ်ငန်းအစီအစဉ်များကို ဖွဲ့စည်း၊ အားဖြည့်တိုးချဲ့ရမည်။ အထူးသဖြင့် ကျန်းမာရေး၊ အလုပ်အကိုင်၊ ပညာရေးနှင့် လူမှုရေးနယ်ပယ်များတွင် အလေးပေးဆောင်ရွက်ရမည်။ အဆိုပါဝန်ဆောင်မှုလုပ်ငန်းများနှင့် လုပ်ငန်းအစီအစဉ်များသည် -

standards for public and private health care;

( e ) Prohibit discrimination against persons with disabilities in the provision of health insurance, and life insurance where such insurance is permitted by national law, which shall be provided in a fair and reasonable manner;

( f ) Prevent discriminatory denial of health care or health services or food and fluids on the basis of disability.

**Article 26 Habilitation and rehabilitation**

1. States Parties shall take effective and appropriate measures, including through peer support, to enable persons with disabilities to attain and maintain maximum independence, full physical, mental, social and vocational ability, and full inclusion and participation in all aspects of life. To that end, States Parties shall organize, strengthen and extend comprehensive habilitation and rehabilitation services and programmes, particularly in the areas of health, employment, education and social services, in such a way that these services and programmes:

(က) ဖြစ်နိုင်သမျှအစောဆုံးအဆင့်တွင် စတင်ရမည့်အပြင် တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် စွမ်းဆောင်နိုင်မှုကို ဘက်ပေါင်းစုံမှ စည်းကမ်းတကျ အကဲဖြတ်ဆန်းစစ်မှုအပေါ် အခြေပြုရမည်၊

(ခ) ရပ်ရွာနှင့် လူ့အဖွဲ့အစည်းတို့၌ ဘက်ပေါင်းစုံမှပေါင်းစည်းပါဝင်ဆောင်ရွက်နိုင်ရေးကို ကူညီပံ့ပိုးပေးရမည်။ အဆိုပါလုပ်ငန်းများသည် စေတနာ့ဝန်ထမ်း လုပ်ငန်းများဖြစ်ရမည့်အပြင် ယင်းတို့ကို ကျေးလက်ဒေသများ အပါအဝင် မသန်စွမ်းသူများ နေထိုင်ရာရပ်ရွာနှင့် အနီးစပ်ဆုံးဒေသတွင် အလွယ်တကူရရှိနိုင်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် ထူထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသော ကျွမ်းကျင်သူများနှင့် ဝန်ထမ်းများအတွက်သင်တန်းများကို စတင်ဆောင်ရွက်ခြင်းနှင့် စဉ်ဆက်မပြတ်ဖွံ့လုစ်နိုင်ရေးတို့ကို စတင်ဆောင်ရွက်ရမည်။

၃။ မသန်စွမ်းသူများသည် ထူထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ဆက်စပ်နေကြသဖြင့် ၎င်းတို့အတွက် အကူအားပြုကိရိယာများ၊ နည်းပညာနှင့် ပုံစံများအလွယ်တကူရရှိရေး၊ အသိပညာဗဟုသုတနှင့် အသုံးပြုရေး တိုးတက်မြင့်မားလာအောင် အဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်ပေးရမည်။

## အပိုဒ်(၂၇) လုပ်ငန်းနှင့် အလုပ်အကိုင်

၁။ အဖွဲ့ဝင်နိုင်ငံများသည်မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ တန်းတူညီမျှ အလုပ်လုပ်ပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုသည်။ ဤအခွင့်အရေးတွင် လွတ်လပ်စွာရွေးချယ်နိုင်ခွင့်ရှိသော (သို့) မသန်စွမ်းသူများအတွက် ပွင့်လင်းပြီးပေါင်းစည်းနိုင်၍ အလွယ်တကူရရှိနိုင်သည့်လွတ်လပ်မှုရှိသောလုပ်အား ဈေးကွက်တွင်ဖြစ်စေ၊ လုပ်ခွင်ဝန်းကျင်တွင်ဖြစ်စေ အလုပ်လုပ်၍ အသက်မွေးမှုပြုနိုင်သည့် အခွင့်အလမ်းလည်း ပါဝင်သည်။ အဖွဲ့ဝင်နိုင်ငံများသည် လုပ်ငန်းခွင်အတွင်း မသန်စွမ်းဖြစ်လာသူများအတွက် ဥပဒေ

( a ) Begin at the earliest possible stage, and are based on the multidisciplinary assessment of individual needs and strengths;

( b ) Support participation and inclusion in the community and all aspects of society, are voluntary, and are available to persons with disabilities as close as possible to their own communities, including in rural areas.

2. States Parties shall promote the development of initial and continuing training for professionals and staff working in habilitation and rehabilitation services.

3. States Parties shall promote the availability, knowledge and use of assistive devices and technologies, designed for persons with disabilities, as they relate to habilitation and rehabilitation.

**Article 27 Work and employment**

1. States Parties recognize the right of persons with disabilities to work, on an equal basis with others; this includes the right to the opportunity to gain a living by work freely chosen or accepted in a labour market and work environment that is open, inclusive and accessible to persons with disabilities. States Parties shall safeguard and promote the realization of the right to work, including for those who acquire a disability during the

ပြဋ္ဌာန်းရေးအပြင် သင့်တော်သော လုပ်ငန်းများဆောင်ရွက်ခြင်းအပါအဝင် မသန်စွမ်းသူများ၏ အလုပ်လုပ်ပိုင်ခွင့်ကိုအကာအကွယ်ပေးရန်နှင့် တိုးတက်လာစေရန် ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင်-

(က) အလုပ်မျိုးစုံနှင့် ပတ်သက်သည့် မည်သည့်အကြောင်းကိစ္စတွင်မဆို မသန်စွမ်းမှုကို အခြေပြု၍ ခွဲခြားခြင်းကို ပိတ်ပင်တားမြစ်ရမည်။ ယင်းတို့တွင်လူသစ်စုဆောင်းခန့်ထားခြင်း၊ ငှားရမ်းခြင်းနှင့် အလုပ်အကိုင်၊ လုပ်ငန်းအဆက်မပြတ်လုပ်ကိုင်ခြင်း၊ အသက်မွေးမှုအတတ်ပညာ တိုးတက်မှုနှင့် ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးနှင့်ညီညွတ်သောလုပ်ငန်းခွင် အခြေအနေများပါဝင်သည်၊

( ခ ) မသန်စွမ်းသူများအား အခြားသူများနည်းတူမျှတ၍အထောက်အကူ ပြုသောအလုပ်အခြေအနေရရှိပိုင်ခွင့်ရှိစေရမည်။ ယင်းတို့တွင် အခွင့်အရေးတန်းတူညီမျှမှုနှင့် လုပ်အားခတန်းတူညီမျှရရှိခွင့်၊ ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးနှင့်ပြည့်စုံသော လုပ်ငန်းခွင်အခြေအနေရရှိပိုင်ခွင့်၊ တားမြစ်ထိန်းချုပ်ခြင်းများမှ ကင်းလွတ်ခွင့်နှင့် နစ်နာကြေးရပိုင်ခွင့်တို့ပါဝင်သည်၊

(ဂ) မသန်စွမ်းသူများအား အခြားသူများနည်းတူ ၎င်းတို့၏ လုပ်အားနှင့်အလုပ်သမားသမဂ္ဂအခွင့်အရေးများကို ရရှိခံစားမှုသေချာအောင် ဆောင်ရွက်ပေးရမည်၊

(ဃ) မသန်စွမ်းသူများအား အထွေထွေနည်းပညာနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာလမ်းညွှန်မှုအစီအစဉ်များ၊ အလုပ်အကိုင်နေရာချထားမှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် စဉ်ဆက်မပြတ် လေ့ကျင့်ရေးလုပ်ငန်းများကို ထိရောက်လွယ်ကူစွာရရှိနိုင်အောင် ကူညီဆောင်ရွက်ပေးရမည်။

(င) လုပ်အားဈေးကွက်တွင် မသန်စွမ်းသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တိုးတက်စေမှုအလုပ်အကိုင် ရှာဖွေ

course of employment, by taking appropriate steps, including through legislation, to, inter alia:

( a ) Prohibit discrimination on the basis of disability with regard to all matters concerning all forms of employment, including conditions of recruitment, hiring and employment, continuance of employment, career advancement and safe and healthy working conditions;

( b ) Protect the rights of persons with disabilities, on an equal basis with others, to just and favourable conditions of work, including equal opportunities and equal remuneration for work of equal value, safe and healthy working conditions, including protection from harassment, and the redress of grievances;

( c ) Ensure that persons with disabilities are able to exercise their labour and trade union rights on an equal basis with others;

( d ) Enable persons with disabilities to have effective access to general technical and vocational guidance programmes, placement services and vocational and continuing training;

(e ) Promote employment opportunities and career advancement for persons with disabilities in the labour market, as well as

ရယူထိန်းသိမ်းမှုနှင့်လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်မှုများ တိုးတက်အောင် ဆောင်ရွက်ပေးရမည်။

(စ) ကိုယ်ပိုင်အလုပ်အကိုင်၊ စီးပွားရေးစွမ်းဆောင်ရှင်ဖြစ်စေမှု၊ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရန်နှင့် ကိုယ်ပိုင်စီးပွားရေး၊ လုပ်ငန်းများစတင်တည်ထောင်မှုစသည့်အခွင့်အလမ်းများတိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးရမည်၊

(ဆ) အများပြည်သူဆိုင်ရာလုပ်ငန်းများတွင် မသန်စွမ်းသူများကိုလည်း အလုပ်ခန့်ထားရမည်၊

(ဇ) ပုဂ္ဂလိကလုပ်ငန်းများ၌ မသန်စွမ်းသူများ အလုပ်အကိုင်ခန့်ထားနိုင်မှု တိုးတက်ခိုင်မာရန်အတွက် သေချာသောရှေ့လုပ်ငန်းစဉ်များ၊ အပိုဆုကြေး အပါအဝင် အခြားရပိုင်ခွင့်များပါဝင်နိုင်သည့် သင့်တော်သော မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းဖြင့် တိုးတက်အောင် ဆောင်ရွက်ပေးရမည်၊

(ဈ) လုပ်ငန်းခွင်တွင် မသန်စွမ်းသူများ ဝင်ထွက်သွားလာလုပ်ကိုင်ရန် လွယ်ကူသည့် သင့်တော်သော နေရာထိုင်ခင်းစီစဉ်ပေးရမည်၊

(ည) လွတ်လပ်ပွင့်လင်းသောလုပ်အားဈေးကွက်၌ မသန်စွမ်းသူများ လုပ်ငန်းအတွေ့အကြုံရရှိရေး မြင့်မားအောင်ဆောင်ရွက်ပေးရမည်၊

(ဋ) မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ ပြန်လည်ထူထောင်ရေး၊ အလုပ်ခွင်တွင် စွဲမြဲရေးနှင့် အလုပ်ခွင်သို့ ပြန်လည်ရောက်ရှိရေးအစီအစဉ်များ တိုးတက်အောင် ဆောင်ရွက်ပေးရမည်။

၂။ အဖွဲ့ဝင်နိုင်ငံများကမသန်စွမ်းသူများအား ကျေးကျွန်အဖြစ်(သို့) အခိုင်းအစေအဖြစ် ထိန်းသိမ်းထားခြင်းမပြုနိုင်ကြောင်း အသိအမှတ်ပြုသည်။ ထို့ကြောင့်၎င်းတို့အား အဓမ္မခိုင်းစေခြင်း (သို့) မလုပ်မနေစေခိုင်းခြင်းမပြုရန် အခြားသူများနည်းတူ အကာအကွယ်ပေးခံရမှုရရှိစေရမည်။

assistance in finding, obtaining, maintaining and returning to employment;

( f ) Promote opportunities for self-employment, entrepreneurship, the development of cooperatives and starting one's own business;

( g ) Employ persons with disabilities in the public sector;

( h ) Promote the employment of persons with disabilities in the private sector through appropriate policies and measures, which may include affirmative action programmes, incentives and other measures;

( i ) Ensure that reasonable accommodation is provided to persons with disabilities in the workplace;

( j ) Promote the acquisition by persons with disabilities of work experience in the open labour market;

( k ) Promote vocational and professional rehabilitation, job retention and return-to-work programmes for persons with disabilities.

2. States Parties shall ensure that persons with disabilities are not held in slavery or in servitude, and are protected, on an equal basis with others, from forced or compulsory labour.

**အပိုဒ်(၂၈)ပြည့်စုံသောလူနေမှုအဆင့်အတန်းနှင့် လူမှုရေးအကာအကွယ်ပေးမှု။**

၁။ အဖွဲ့ဝင်နိုင်ငံများကမသန်စွမ်းသူများကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုများအတွက် ပြည့်စုံသောလူနေမှုအဆင့်အတန်းရပိုင်ခွင့်ရှိသည်ကို ပါဝင်ဘက်နိုင်ငံများက အသိမှတ်ပြုသည်။ ပြည့်စုံသော လူနေမှုအဆင့်အတန်းဟုဆိုရာတွင် လုံလောက်သော စားနပ်ရိက္ခာ အဝတ်အထည်နှင့် အိုးအိမ်တို့အပြင် လူနေမှုအခြေအနေ အမြဲမပြတ် တိုးတက်မြင့်မားမှုတို့ ပါဝင်သည်။ ထို့ကြောင့် ဤအခွင့်အရေးကို မသန်စွမ်းမှုကို အခြေပြု၍ခွဲခြားမှုမရှိဘဲတိုးမြှင့် ဆောင်ရွက်နိုင်ရန်နှင့် အကာအကွယ်ပေးနိုင်ရန်အတွက် သင့်တော်သော အစီအမံများချမှတ် ဆောင်ရွက်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံများကမသန်စွမ်းသူများအား လူမှုရေးအကာအကွယ် ပေးခွင့်ရှိကြောင်း နှင့် ယင်းအခွင့်အရေးကို မသန်စွမ်းမှုအပေါ် အခြေပြုခွဲခြားမှုမရှိဘဲ ပြည့်ဝစွာရယူ ခံစားခွင့်ရှိကြောင်းကို အသိအမှတ်ပြုသည်။ ထို့ကြောင့် ယင်းအခွင့်အရေးကို အကာအကွယ် ပေးရန်နှင့် တိုးတက်မြင့်မားလာစေရန် အောက်ပါလုပ်ငန်းများပါဝင်သော သင့်တော်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်ရမည်-

(က) မသန်စွမ်းသူများအား ရေကောင်းရေသန့် တန်းတူညီမျှရရှိရေး ၊ သင့်တော်ပြီး စရိတ်ကျခံနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများ၊ အကူအားပြု ကိရိယာများနှင့် မသန်စွမ်းမှုနှင့်ဆက်စပ်လိုအပ်သော အခြားအကူအညီများ ရရှိရေးတို့ သေချာစေရန်၊

(ခ) မသန်စွမ်းသူများအထူးသဖြင့် မသန်စွမ်းအမျိုးသမီးများ၊ မသန်စွမ်း မိန်းကလေး များနှင့် မသန်စွမ်းသက်ကြီးရွယ်အိုများအား လူမှုရေးအကာကွယ်ပေးမှု အစီ အစဉ်များနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များရရှိခံစားမှု သေချာ အောင် ဆောင်ရွက်ပေးရန်၊

(ဂ) ဆင်းရဲနွမ်းပါးသော မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုများအား ပြည့်စုံသော လေ့ကျင့်သင်ကြားမှုများ၊ နှစ်သိမ့်ဆွေးနွေးအကြံပေးမှု၊ ငွေကြေးအကူအညီနှင့်

**Article 28 Adequate standard of living and social protection**

1. States Parties recognize the right of persons with disabilities to an adequate standard of living for themselves and their families, including adequate food, clothing and housing, and to the continuous improvement of living conditions, and shall take appropriate steps to safeguard and promote the realization of this right without discrimination on the basis of disability.

2. States Parties recognize the right of persons with disabilities to social protection and to the enjoyment of that right without discrimination on the basis of disability, and shall take appropriate steps to safeguard and promote the realization of this right, including measures:

( a ) To ensure equal access by persons with disabilities to clean water services, and to ensure access to appropriate and affordable services, devices and other assistance for disability-related needs;

( b ) To ensure access by persons with disabilities, in particular women and girls with disabilities and older persons with disabilities, to social protection programmes and poverty reduction programmes;

( c ) To ensure access by persons with disabilities and their families living in situations of poverty to assistance from the State with

ယာယီစောင့်ရှောက်မှုတို့အပါအဝင် မသန်စွမ်းမှုနှင့်ပတ်သက်သောကုန်ကျစရိတ်များကို သက်ဆိုင်ရာအစိုးရက ကူညီပံ့ပိုးမှုသေချာစွာပေးရန်၊

(ဃ) ပြည်သူ့အိုးအိမ် စီမံကိန်းများတွင် မသန်စွမ်းသူများ နေအိမ်ရရှိမှု သေချာစေရန်၊

(င) အငြိမ်းစား အကျိုးခံစားခွင့်နှင့် လုပ်ငန်းစဉ်များကို မသန်စွမ်းသူများ တန်းတူရရှိခံစားမှု သေချာစေရန်တို့ပါဝင်ရမည်။

## အပိုဒ် (၂၉) နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များ၌ ပါဝင်ဆောင်ရွက်ခြင်း

အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအား အခြားသူများနည်းတူ နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်ရရှိမှုကို အာမခံရမည်။ အဖွဲ့ဝင်နိုင်ငံများသည် -

(က) မသန်စွမ်းသူများ အခြားသူများနည်းတူနိုင်ငံရေးနှင့် ပြည်သူ့ဘဝ နယ်ပယ်များ၌ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကိုလွတ်လပ်စွာရွေးချယ်၍ဖြစ်စေပါဝင်ဆောင်ရွက်ခွင့် ရရှိမှုသေချာအောင် ဆောင်ရွက်ပေးရမည်။ ယင်းတို့တွင် မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံ ပိုင်ခွင့်ရရှိမှု သေချာစေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(၁) မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့်အသုံးဆောင်ပစ္စည်းများသည် မသန်စွမ်းသူများအတွက် သင့်တော်မှု၊ ချဉ်းကပ်ဝင်ရောက်ရန် လွယ်ကူမှု၊ အလွယ်တကူ နားလည်သဘောပေါက် အသုံးပြုနိုင်မှုရှိရမည်၊

(၂) ရွေးချယ်တင်မြှောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲတို့၌ မသန်စွမ်း သူတို့အားလျှို့ဝှက်ဆန္ဒမဲပေးနိုင်သည့်အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်းမရှိဘဲဆောင်ရွက်နိုင်ရန် ကာကွယ်ပေးရမည်။ ထို့အပြင်ယှဉ်ပြိုင်ရွေးချယ်ခံ၍ ရုံးဖွင့်လုပ်ရေး၊ အစိုးရအဖွဲ့၏ အဆင့်တိုင်း၌

disability-related expenses, including adequate training, counselling, financial assistance and respite care;

(d) To ensure access by persons with disabilities to public housing programmes;

( e ) To ensure equal access by persons with disabilities to retirement benefits and programmes.

**Article 29 Participation in political and public life**

States Parties shall guarantee to persons with disabilities political rights and the opportunity to enjoy them on an equal basis with others, and shall undertake to:

( a ) Ensure that persons with disabilities can effectively and fully participate in political and public life on an equal basis with others, directly or through freely chosen representatives, including the right and opportunity for persons with disabilities to vote and be elected, inter alia, by:

(i) Ensuring that voting procedures, facilities and materials are appropriate, accessible and easy to understand and use;

(ii) Protecting the right of persons with disabilities to vote by secret ballot in elections and public referendums without intimidation, and to stand for elections, to effectively hold office and perform all public functions

ပြည်သူ့ရေးရာလုပ်ငန်းများကို ဆောင်ရွက်ရေးတို့တွင် အကူအားပြု ကရိယာများနှင့် နည်းပညာအသစ်များ အသုံးပြုရေးတို့အတွက် အဆင်ပြေအောင် စီစဉ်ပေးရမည်၊

(၃) မသန်စွမ်းသူများသည် မဲဆန္ဒပေးပိုင်ခွင့်ရှိသူများအပြင် ၎င်းတို့၏ ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ရန်နှင့် ၎င်းတို့၏ ဆန္ဒအတိုင်း မဲပေးနိုင်ရေးအတွက် ၎င်းတို့၏တောင်းဆိုချက်အရ လိုအပ်ပါက မဲထည့်ရာ၌ ၎င်းတို့စိတ်ကြိုက်ရွေးချယ်သောသူ၏ အကူအညီဖြင့် မဲထည့်ခြင်းကို ခွင့်ပြုရမည်။

(ခ) ပြည်သူ့ရေးရာလုပ်ငန်းများကိုဆောင်ရွက်ရာ၌ အခြားသူများနည်းတူ မသန်စွမ်းသူများသည်လည်း ခွဲခြားမှုမရှိဘဲ တန်းတူထိရောက်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်စေနိုင်သည့် ဝန်းကျင်တစ်ခုကို တိုးတက်ဖြစ်ထွန်း အောင် ဆောင်ရွက်ရမည့် အောက်ပါလုပ်ငန်းများ ပါဝင်သောပြည်သူ့ရေးရာ ကိစ္စရပ်များ၌ ၎င်းတို့ပါဝင်ဆောင်ရွက်ခြင်းကို အားပေးအားမြှောက်ပြုရမည်။ ၎င်းတွင်-

(၁) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံ၏လူထုရေးရာ နိုင်ငံရေးရာတို့နှင့် ဆက်စပ်နေသောအဖွဲ့အစည်းများနှင့် နိုင်ငံ ရေးပါတီများ၏ လှုပ်ရှားမှုများနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(၂) နိုင်ငံတကာ၊ အမျိုးသားအဆင့်၊ ဒေသဆိုင်ရာနှင့် နယ်မြေ ဆိုင်ရာအဆင့်များတွင် မသန်စွမ်းသူများကို ကိုယ်စားပြုနိုင်ရေးအတွက် မသန်စွမ်းသူအဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခြင်းနှင့် မသန်စွမ်း အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းတို့ ပါဝင်စေရမည်၊

at all levels of government, facilitating the use of assistive and new technologies where appropriate;

(iii) Guaranteeing the free expression of the will of persons with disabilities as electors and to this end, where necessary, at their request, allowing assistance in voting by a person of their own choice;

(b) Promote actively an environment in which persons with disabilities can effectively and fully participate in the conduct of public affairs, without discrimination and on an equal basis with others, and encourage their participation in public affairs, including:

(i) Participation in non-governmental organizations and associations concerned with the public and political life of the country, and in the activities and administration of political parties;

(ii) Forming and joining organizations of persons with disabilities to represent persons with disabilities at international, national, regional and local levels.

## အပိုဒ် (၃၀) ယဉ်ကျေးမှု၊ အပန်းဖြေမှု၊ အားလပ်ခွင့်နှင့်အားကစား နယ်ပယ်များ၌ ပါဝင်ဆောင်ရွက်ခြင်း

၁။ အဖွဲ့ဝင်နိုင်ငံများကမသန်စွမ်းသူများသည် အခြားသူများနည်းတူ ယဉ်ကျေးမှုနယ်ပယ်၌ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်ကို အသိအမှတ်ပြုသည်။ ဤသို့ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်-

(က) ယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများသည်မသန်စွမ်းသူများအလွယ်တကူရယူသုံးစွဲနိုင်သော ပုံစံဖြစ်ရမည်၊

(ခ) ရုပ်မြင်သံကြား အစီအစဉ်များ၊ ရုပ်ရှင်များ၊ ကဇာတ်ရုံများနှင့် အခြားသောယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများသည်မသန်စွမ်းသူများအလွယ်တကူရယူသုံးစွဲနိုင်သော ပုံစံဖြစ်ရမည်၊

(ဂ) ကဇာတ်ရုံများ၊ ပြတိုက်များ၊ ရုပ်ရှင်ရုံများ၊ စာကြည့်တိုက်နှင့် ခရီးသွားလုပ်ငန်းများကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာဖျော်ဖြေမှု (သို့) ဝန်ဆောင်မှုလုပ်ငန်းနေရာများကို မသန်စွမ်းသူများအလွယ်တကူ ဝင်ရောက်ခံစားနိုင်စေရမည်။ ထို့ပြင် အမျိုးသားယဉ်ကျေးမှုဆိုင်ရာ အထိမ်းအမှတ်ရုပ်တုများအရေးပါသည့်နေရာများသို့လည်း အလွယ်တကူ ဝင်ရောက်နိုင်စေရမည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ၏တီထွင်ဖန်တီးနိုင်သော အနုပညာမြောက်သော၊ ဉာဏ်ရည်ဉာဏ်သွေး ကြွယ်ဝသောစွမ်းရည်များကို ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက်သာမက အများပြည်သူ အကျိုးစီးပွားအတွက်ပါ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခွင့်နှင့် အသုံးချခွင့်ရှိလာစေရန် သင့်တော်သောအစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

**Article 30 Participation in cultural life, recreation, leisure and sport**

1. States Parties recognize the right of persons with disabilities to take part on an equal basis with others in cultural life, and shall take all appropriate measures to ensure that persons with disabilities:

( a ) Enjoy access to cultural materials in accessible formats;

( b ) Enjoy access to television programmes, films, theatre and other cultural activities, in accessible formats;

( c ) Enjoy access to places for cultural performances or services, such as theatres, museums, cinemas, libraries and tourism services, and, as far as possible, enjoy access to monuments and sites of national cultural importance.

2. States Parties shall take appropriate measures to enable persons with disabilities to have the opportunity to develop and utilize their creative, artistic and intellectual potential, not only for their own benefit, but also for the enrichment of society.

၃။ အဖွဲ့ဝင်နိုင်ငံများသည် အသိဉာဏ်ဆိုင်ရာပစ္စည်းများပိုင်ဆိုင်ခွင့်ကို အကာအကွယ်ပေးသော ဥပဒေများတွင်မသန်စွမ်းသူများ၏ ယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများ အလွယ်တကူ ရယူသုံးစွဲခွင့်ကို ကြောင်းကျိုးဆီလျော်မှုမရှိဘဲ(သို့) ခွဲခြားမှု ပြုလုပ်လျက် ဟန့်တားနှောက်ယှက်သည့် ပြဌာန်းမှုမျိုးမပါဝင်စေရေးအတွက် နိုင်ငံတကာဥပဒေများနှင့်အညီ လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၄။ မသန်စွမ်းသူများအနေဖြင့် ၎င်းတို့၏ သင်္ကေတဘာသာစကားနှင့် နားမကြားသူများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများအပါအဝင် သီးခြားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ဘာသာ စကားဆိုင်ရာထင်ရှားရှိမှုကို အခြားသူများကဲ့သို့ပင်အသိအမှတ်ပြုခံယူခွင့်၊ အကူအညီ ခံယူခွင့်ရှိသည်။

၅။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများသည်အခြားသူများကဲ့သို့ပင် အပန်းဖြေမှု၊ အားလပ်မှု၊ အားကစားလှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရစေရန် ရည်ရွယ်၍ သင့်တော်သော အောက်ပါအစီအမံများကို ဆောင်ရွက်ရမည်-

(က) အဓိကအားကစားလှုပ်ရှားမှုများ၏ အဆင့်တိုင်းတွင် မသန်စွမ်းသူများ၏ အမြင့်မားဆုံး အတိုင်းအတာဖြင့် ပါဝင်ဆောင်ရွက်ရေးကို မြှင့်တင်အားပေးရန်၊

(ခ) သီးခြားမသန်စွမ်းအားကစားနှင့် အပန်းဖြေမှုလုပ်ငန်းများတွင် မသန်စွမ်းသူများသည် ဖွဲ့စည်းခွင့်၊ တိုးတက်အောင် ဆောင်ရွက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိမှုသေချာစေရန် အခြားသူများနည်းတူ သင့်တော်သော လေ့ကျင့်ခန်းများ၊ သင်တန်းများနှင့်အရင်းအမြစ်များ ဖြည့်ဆည်းပေးရန်၊

(ဂ) မသန်စွမ်းသူများ၏ အားကစားလှုပ်ရှားဆောင်ရွက်သည့်နေရာများ၊ အပန်းဖြေခြင်းနှင့် ခရီးသွားခြင်းဆိုင်ရာ နေရာများ သို့ အလွယ်တကူဝင်ရောက်သွားလာခွင့် သေချာအောင်ဆောင်ရွက်ရန်၊

3. States Parties shall take all appropriate steps, in accordance with international law, to ensure that laws protecting intellectual property rights do not constitute an unreasonable or discriminatory barrier to access by persons with disabilities to cultural materials.

4. Persons with disabilities shall be entitled, on an equal basis with others, to recognition and support of their specific cultural and linguistic identity, including sign languages and deaf culture.

5. With a view to enabling persons with disabilities to participate on an equal basis with others in recreational, leisure and sporting activities, States Parties shall take appropriate measures:

( a ) To encourage and promote the participation, to the fullest extent possible, of persons with disabilities in mainstream sporting activities at all levels;

( b ) To ensure that persons with disabilities have an opportunity to organize, develop and participate in disability-specific sporting and recreational activities and, to this end, encourage the provision, on an equal basis with others, of appropriate instruction, training and resources;

(c) To ensure that persons with disabilities have access to sporting, recreational and tourism venues;

(ဃ) မသန်စွမ်းကလေးငယ်များသည် အခြားကလေးငယ်များကဲ့သို့ပင် ကျောင်းတွင်းလှုပ်ရှားမှုများအပါအဝင် ကစားခြင်း၊ အပန်းဖြေခြင်း၊ အားလပ်ခြင်းနှင့် အားကစားဆောင်ရွက်ခြင်းစသည့် လှုပ်ရှားမှုများ၌ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှုသေချာစေရန်၊

(င) မသန်စွမ်းသူများသည်အပန်းဖြေခြင်း ခရီးသွားခြင်း၊ အားလပ်ခြင်း၊ အားကစားဆောင်ရွက်ခြင်း စသည့်အဖွဲ့အစည်းများနှင့် ပတ်သက်နေသော အမှုထမ်းများနှင့်အလွယ်တကူ တွေ့ဆုံဆက်ဆံနိုင်ခွင့် သေချာစေရန်တို့ကိုဆောင်ရွက်ရမည်။

## အပိုဒ်(၃၁) စာရင်းအင်းနှင့် အချက်အလက်များကောက်ယူစုဆောင်းခြင်း

၁။ အဖွဲ့ဝင်နိုင်ငံများသည် စာရင်းအင်းနှင့် သုတေသနလုပ်ငန်းဆိုင်ရာ အချက်အလက်များအပါအဝင် သင့်တော်သောသတင်းအချက်အလက်များကို ကောက်ယူစုဆောင်းရန်နှင့် ဤသဘောတူစာချုပ်ကို ထိရောက်စေရန်မူဝါဒချမှတ်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့၌ ယင်းတို့ကို အသုံးပြုနိုင်စွမ်းရှိအောင် ဆောင်ရွက်ရမည်။ ဤသတင်းအချက်အလက်များကို ကောက်ယူခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်တို့သည်-

(က) မသန်စွမ်းသူများ၏ ပုဂ္ဂိုလ်ရေးလျှို့ဝှက်လုံခြုံမှုနှင့် အလေးထားမှုခိုင်မာစေရေးအတွက် သတင်းအချက်အလက် ကာကွယ်ရေးဥပဒေပြုမှု အပါအဝင် ဥပဒေနှင့်အညီ အကာအကွယ်ပြုထားရမည်၊

(ခ) စာရင်းအင်းများစုဆောင်းရေးနှင့် အသုံးပြုရေးတို့၌ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်၊ ကျင့်ဝတ်စည်းကမ်းများ အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာ အသိအမှတ်ပြုစံများနှင့် ညီညွတ်ရမည်။

( d ) To ensure that children with disabilities have equal access with other children to participation in play, recreation and leisure and sporting activities, including those activities in the school system;

( e ) To ensure that persons with disabilities have access to services from those involved in the organization of recreational, tourism, leisure and sporting activities.

## Article 31 Statistics and data collection

1. States Parties undertake to collect appropriate information, including statistical and research data, to enable them to formulate and implement policies to give effect to the present Convention. The process of collecting and maintaining this information shall:

(a) Comply with legally established safeguards, including legislation on data protection, to ensure confidentiality and respect for the privacy of persons with disabilities;

( b ) Comply with internationally accepted norms to protect human rights and fundamental freedoms and ethical principles in the collection and use of statistics.

၂။ ဤအပိုဒ်အရ ကောက်ယူစုဆောင်းထားသော သတင်းအချက်အလက်များကို သင့်တော်သလိုစုစည်းထားရမည်။ ယင်းတို့ကို ဤသဘောတူစာချုပ်အရ ပြဋ္ဌာန်းထားသော တာဝန်များအား အဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ မသန်စွမ်းသူများအနေဖြင့် ၎င်းတို့၏အခွင့်အရေးများကို လိုက်နာကျင့်သုံးဆောင်ရွက်ရာတွင် တွေ့ကြုံနေရသော အခက်အခဲများကို ဖော်ထုတ်သတ်မှတ်ရေးနှင့် ဖြေရှင်းဆောင်ရွက်ပေးရေးတို့တွင်လည်းကောင်း အထောက်အကူအဖြစ်အသုံးပြုခွင့်ရှိရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် အဆိုပါစာရင်းအင်းအချက်အလက်များကို ဖြန့်ဖြူးရန်နှင့် ယင်းတို့ကို မသန်စွမ်းသူများအပါအဝင် အခြားသူများပါ အလွယ်တကူရယူသုံးစွဲခွင့်ရှိရေးတို့အတွက် တာဝန်ရှိသည်။

## အပိုဒ် (၃၂) နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု။

၁။ အဖွဲ့ဝင်နိုင်ငံများသည်ဤသဘောတူစာချုပ်ပါ ရည်မှန်းချက်နှင့် ဦးတည်ချက်များကို အမျိုးသားအဆင့်အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်းနှင့် ယင်းကိုတိုးတက်မြင့်မားအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်းပါဝင်ဘက်နိုင်ငံများက အသိအမှတ်ပြုသည်။ ဤကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံအတွင်း နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားစေမည့် သင့်တော်သောအစီအမံများကို ချမှတ်ဆောင်ရွက်ရမည်။ ထို့ပြင် သက်ဆိုင်ရာနိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ၊ အထူးသဖြင့် မသန်စွမ်းသူအဖွဲ့အစည်းများအတွင်း ပူးပေါင်းဆောင်ရွက်မှုတိုးတက် လာစေရန် သင့်တော်သလိုဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ပါတို့ကိုလည်း ထည့်သွင်းဆောင်ရွက်ရမည်-

(က) နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အပါအဝင်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွင် မသန်စွမ်းသူများပေါင်းစည်းပါဝင်ရေးနှင့်အလွယ်တကူချဉ်းကပ်ဝင်ရောက်ပေါင်းစည်းနိုင်မှုရှိမာစေရေး၊

2. The information collected in accordance with this article shall be disaggregated, as appropriate, and used to help assess the implementation of States Parties’ obligations under the present Convention and to identify and address the barriers faced by persons with disabilities in exercising their rights.

3. States Parties shall assume responsibility for the dissemination of these statistics and ensure their accessibility to persons with disabilities and others.

**Article 32 International cooperation**

1. States Parties recognize the importance of international cooperation and its promotion, in support of national efforts for the realization of the purpose and objectives of the present Convention, and will undertake appropriate and effective measures in this regard, between and among States and, as appropriate, in partnership with relevant international and regional organizations and civil society, in particular organizations of persons with disabilities. Such measures could include, inter alia:

( a ) Ensuring that international cooperation, including international development programmes, is inclusive of and accessible to persons with disabilities;

(ခ) သတင်းအချက်အလက်များ၊ အတွေ့အကြုံများ၊ သင်တန်းအစီအစဉ်များနှင့် အလေ့အထကောင်းများကို အပြန်အလှန်ဖလှယ်ခြင်း၊ မျှဝေခြင်းတို့ဖြင့် စွမ်းဆောင်ရည် မြှင့်တင်တည်ဆောက်မှုကို ကူညီပံ့ပိုးပေးရေး၊

(ဂ) သုတေသနလုပ်ငန်းများနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်လာအောင်ကူညီပံ့ပိုးပေးရေး၊

(ဃ) နည်းပညာကူညီပံ့ပိုးပေးခြင်းဖြင့် အထောက်အကူပြု နည်းပညာများ အလွယ်တကူရရှိအောင်ဆောင်ရွက်ပေးခြင်း၊ အလွယ်တကူရယူ သုံးစွဲနိုင်အောင် မျှဝေခြင်းတို့အပါအဝင် နည်းပညာနှင့်စီးပွားရေး ကူညီပံ့ပိုးမှုများ သင့်တော်သလိုဆောင်ရွက်ပေးရေးတို့ ပါဝင်သည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် ဤကွန်ဗန်းရှင်းပါ တာဝန်များကိုအောင်မြင်ပြီးမြောက်စေရေးအတွက် ဤအပိုဒ်ပါပြဋ္ဌာန်းချက်များကြောင့် ပါဝင်ဘက်နိုင်ငံတစ်ခုချင်းစီ၏ တာဝန်များကို ထိခိုက်ခြင်းမရှိစေရ။

## အပိုဒ်(၃၃)အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ကြီးကြပ်ခြင်း

၁။ အဖွဲ့ဝင်နိုင်ငံများသည် ဤကွန်ဗန်းရှင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ တစ်ခု (သို့) တစ်ခုထက်ပိုသော ဗဟိုချက် ဌာနများကို အစိုးရဌာနများအတွင်းသက်ဆိုင်ရာနိုင်ငံများ၏ အဖွဲ့အစည်း ဖွဲ့စည်းမှု စနစ်နှင့်အညီ ဖွဲ့စည်းထားရှိရမည်။ ထို့ပြင်ကဏ္ဍအသီးသီးရှိ အဆင့်အသီးသီး၌ ဆက်နွယ်နေသော လုပ်ငန်းများကို ကူညီဖြည့် ဆည်းပေးရေးအတွက် အစိုးရဌာနများ အတွင်း ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားတစ်ရပ် ထူထောင်ရေးကိုလည်း စဉ်းစားဆောင်ရွက်ပေးရမည်။

( b ) Facilitating and supporting capacity-building, including through the exchange and sharing of information, experiences, training programmes and best practices;

( c ) Facilitating cooperation in research and access to scientific and technical knowledge;

( d ) Providing, as appropriate, technical and economic assistance, including by facilitating access to and sharing of accessible and assistive technologies, and through the transfer of technologies.

2. The provisions of this article are without prejudice to the obligations of each State Party to fulfil its obligations under the present Convention.

## Article 33 National implementation and monitoring

1. States Parties, in accordance with their system of organization, shall designate one or more focal points within government for matters relating to the implementation of the present Convention, and shall give due consideration to the establishment or designation of a coordination mechanism within government to facilitate related action in different sectors and at different levels.

၂။ ဤကွန်ဗန်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုးတက်စေရန်၊ အကာအကွယ်ပေးရန်နှင့် ကြီးကြပ်ရန်တို့အတွက် ပါဝင်ဘက်နိုင်ငံများအတွင်း လွတ်လပ်သောဖွဲ့စည်းပုံယန္တရားတစ်ခု (သို့) တစ်ခုထက်ပိုသောဖွဲ့စည်းမှု ယန္တရားများပါဝင်သော လုပ်ငန်းစဉ်တစ်ရပ်ကို ၎င်းတို့၏ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးစနစ်နှင့်အညီ သင့်တော်သလို ထိန်းသိမ်းတိုးချဲ့သတ်မှတ်ထူထောင်ရမည်။ ဤသို့ဖွဲ့စည်းမှု၊ ယန္တရားတစ်ရပ်ကို သတ်မှတ်ခြင်း (သို့) ထူထောင်ခြင်းပြုရာတွင် လူ့အခွင့်အရေးများကို အကာအကွယ်ပေးရေးနှင့် တိုးတက်မြင့်မားရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏ အမျိုးသားအဆင့်ဖွဲ့စည်းမှု၊ ယန္တရားလည်ပတ်မှုတို့နှင့် ပတ်သက်သည့် အခြေခံမှုများကို ထည့်သွင်းစဉ်းစားရမည်။

၃။ လူမှုရေးအဖွဲ့အစည်းများ၊ အထူးသဖြင့်မသန်စွမ်းအဖွဲ့အစည်းများနှင့် ၎င်းတို့အားကိုယ်စားပြုသောအဖွဲ့အစည်းများသည် ကြီးကြပ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဆက်စပ်ပတ်သက်နေရမည့်အပြင် အဆိုပါလုပ်ငန်းစဉ်တွင် အပြည့်အဝပါဝင်ဆောင်ရွက်ရမည်။

## အပိုဒ် (၃၄) မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကော်မတီ

၁။ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာကော်မတီ တစ်ရပ်ကိုထူထောင်ရမည်။ (ဤနေရာမှစ၍ နောင်တွင်"ကော်မတီ" ဟု ရည်ညွှန်းမည် ) အဆိုပါကော်မတီသည် ဤနေရာမှစ၍ ဖော်ပြမည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၂။ ဤကွန်ဗန်းရှင်း အာဏာသက်ရောက်သည့်အချိန်မှစ၍ ဤကော်မတီတွင် ကျွမ်းကျင်သူ (၁၂)ဦးဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ဤကွန်ဗန်းရှင်းကို နောက်ထပ် နိုင်ငံပေါင်း (၆၀)က သဘောတူ လက်မှတ်ရေးထိုးခြင်း (သို့) သဘောတူလက်ခံခြင်း ပြုပြီးပါက ကော်မတီအဖွဲ့ဝင် (၆) ဦး ထပ်မံတိုးမြှင့်လျက် အဖွဲ့ဝင်အများဆုံး(၁၈)ဦး ပါဝင်စေရမည်။

2. States Parties shall, in accordance with their legal and administrative systems, maintain, strengthen, designate or establish within the State Party, a framework, including one or more independent mechanisms, as appropriate, to promote, protect and monitor implementation of the present Convention. When designating or establishing such a mechanism, States Parties shall take into account the principles relating to the status and functioning of national institutions for protection and promotion of human rights.

3. Civil society, in particular persons with disabilities and their representative organizations, shall be involved and participate fully in the monitoring process.

**Article 34 Committee on the Rights of Persons with Disabilities**

1. There shall be established a Committee on the Rights of Persons with Disabilities (hereafter referred to as "the Committee"), which shall carry out the functions hereinafter provided.

2. The Committee shall consist, at the time of entry into force of the present Convention, of twelve experts. After an additional sixty ratifications or accessions to the Convention, the membership of the Committee shall increase by six members, attaining a maximum number of eighteen members.

၃။ ကော်မတီအဖွဲ့ဝင်များသည် ၎င်းတို့၏ တစ်ဦးချင်းကိုယ်ပိုင်အရည်အချင်းအလိုက် တာဝန်ထမ်းဆောင်ရမည်။ ၎င်းတို့သည် အကျင့်စာရိတ္တမြင့်မားစေရမည့်အပြင် သဘောတူစာချုပ်အရ လွှမ်းခြုံသော လုပ်ငန်းနယ်ပယ်အသီးသီး၌ အသိအမှတ်ပြုထားသော ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိရမည်။ ကော်မတီဝင်များအမည်စာရင်းကို တင်သွင်းသောအခါ ဤကွန်ဗန်းရှင်း အပိုဒ်(၄)-အပိုဒ်ငယ်(၃)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆုံးဖြတ်ရွေးချယ်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားဖိတ်ခေါ်ရမည်။

၄။ ကော်မတီအဖွဲ့ဝင်များကို အဖွဲ့ဝင်နိုင်ငံများကရွေးချယ်ရမည်။ ထိုသို့ရွေးချယ်ရာတွင် ရွေးချယ်ရေးဆိုင်ရာ အခြေခံဥပဒေများနှင့်အညီ ဒေသစုံပါဝင်မှု၊ လူတန်းစားအလွှာစုံပါဝင်မှု၊ ကျား/မ ကိုယ်စားလှယ် အချိုးအစားညီမျှစွာပါဝင်မှုနှင့် မသန်စွမ်းကျွမ်းကျင်သူများပါဝင်မှု စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်။

၅။ ကော်မတီအဖွဲ့ဝင်များကို ရွေးချယ်ရာတွင် အဖွဲ့ဝင်နိုင်ငံများက ညီလာခံပြုလုပ်ကာ ရွေးချယ်၍ အမည်စာရင်းတင်သွင်းသူများအနက်မှ လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ရမည်။ အဆိုပါ အစည်းအဝေးများတွင် ပါဝင်ဘက်နိုင်ငံများ စုစုပေါင်းအရေအတွက်၏ ၃ ပုံ ၂ ပုံ တက်ရောက်မှသာလျှင် ရွေးချယ်တင်မြှောက်မှု အထမြောက်သည်။ ကော်မတီတွင် ရွေးချယ်ခံရသောပုဂ္ဂိုလ်သည် ၎င်းအားထောက်ခံမဲပေးသူ အဖွဲ့ဝင်ဦးရေအများဆုံးဖြစ်ရမည့်အပြင်တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်အများစု၏ ထောက်ခံမဲပေးမှုကိုရရှိရမည်။

၆။ ပထမအကြိမ် ရွေးချယ်တင်မြှောက်ပွဲကို ဤကွန်ဗန်းရှင်း အာဏာသက်ရောက်ပြီးနောက် (၆)လထက်နောက်မကျဘဲ ကျင်းပရမည်။ ရွေးချယ်တင်မြှောက်ပွဲတိုင်းကို ကျင်းပသည့်နေ့မတိုင်မီ (၄)လ အလိုတွင် အဖွဲ့ဝင်နိုင်ငံများအား ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းတင်သွင်းရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က စာဖြင့်အကြောင်းကြားရမည်။ ထို့နောက် အထွေထွေအတွင်းရေးမှူးချုပ်က အမည်စာရင်း

3. The members of the Committee shall serve in their personal capacity and shall be of high moral standing and recognized competence and experience in the field covered by the present Convention. When nominating their candidates, States Parties are invited to give due consideration to the provision set out in article 4.3 of the present Convention.

4. The members of the Committee shall be elected by States Parties, consideration being given to equitable geographical distribution, representation of the different forms of civilization and of the principal legal systems, balanced gender representation and participation of experts with disabilities.

5. The members of the Committee shall be elected by secret ballot from a list of persons nominated by the States Parties from among their nationals at meetings of the Conference of States Parties. At those meetings, for which two thirds of States Parties shall constitute a quorum, the persons elected to the Committee shall be those who obtain the largest number of votes and an absolute majority of the votes of the representatives of States Parties present and voting.

6. The initial election shall be held no later than six months after the date of entry into force of the present Convention. At least four months before the date of each election, the Secretary-General of the United Nations shall address a letter to the States Parties inviting them to submit the nominations

တင်သွင်းသော ပုဂ္ဂိုလ်အားလုံး၏အက္ခရာစဉ်အလိုက် အမည်စာရင်းကို တင်သွင်းသောနိုင်ငံ အမည်နှင့် ရည်ညွှန်းကိုးကားလျက်ပြုစု၍ ဤသဘောတူစာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများသို့ တင်ပြရမည်။

၇။ ကော်မတီအဖွဲ့ဝင်များကို (၄)နှစ်တစ်ကြိမ်ရွေးချယ်တင်မြှောက်ရမည်။ ၎င်းတို့သည် နောက်တစ်ကြိမ် ထပ်မံရွေးချယ်ခံပိုင်ခွင့်ရှိသည်။ သို့ရာတွင် ပထမအကြိမ် ရွေးချယ် တင်မြှောက်ပွဲတွင်ရွေးချယ်ခံရသူ ကော်မတီဝင်(၆) ဦး၏သက်တမ်းသည် (၂) နှစ်ကုန်ဆုံးချိန် တွင်ပြီးဆုံးမည်ဖြစ်ပြီး ပထမဦးဆုံး အကြိမ်ရွေးချယ်တင်မြှောက်ပွဲပြီးသည်နှင့် တစ်ပြိုင်နက် အဆိုပါ ပုဂ္ဂိုလ်(၆)ဦး၏ အမည်စာရင်းကို အဆိုပါအစည်းအဝေး၏ သဘာပတိက ဤပြဌာန်းချက်အောက်ရှိ စာပိုဒ်(၅)ကိုရည်ညွှန်းလျက်မဲပေး ရွေးချယ်ရမည်။

၈။ တွဲဖက်ကော်မတီဝင် (၆) ဦးထပ်မံရွေးချယ်ခြင်းကို ဤအပိုဒ်၏ သက်ဆိုင်ရာ ပြဌာန်းချက်နှင့်အညီ ပုံမှန်ရွေးချယ်တင်မြှောက်ပွဲများတွင်ဆောင်ရွက်ရမည်။

၉။ ကော်မတီဝင်တစ်ဦးဦး သေဆုံးလျှင်ဖြစ်စေ၊ နုတ်ထွက်လျှင်ဖြစ်စေ၊ သူ/သူမသည် တာဝန်ဝတ္တရားများကို အကြောင်းတစ်စုံတစ်ရာကြောင့် ဆက်လက်မထမ်းဆောင်နိုင် တော့ကြောင်းထုတ်ဖော်ကြေညာလျှင်ဖြစ်စေ၊ သူ / သူမ၏ ကျန်ရှိနေသော ကာလတာဝန် ထမ်းဆောင်ရေးအတွက် သူ/သူမအား အမည်စာရင်းတင်သွင်းသော အဖွဲ့ဝင်နိုင်ငံက အရည်အချင်းနှင့်ပြည့်စုံ၍ ဤအပိုဒ်၏သက်ဆိုင်ရာပြဌာန်းချက်တွင် ဖေါ်ပြထားသော လိုအပ်ချက်များနှင့် ကိုက်ညီသည့် အခြားကျွမ်းကျင်သူတစ်ဦးကို ခန့်ထားရမည်။

၁၀။ ကော်မတီသည် ၎င်း၏ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေများကို ပြဌာန်းရမည်။

within two months. The Secretary-General shall subsequently prepare a list in alphabetical order of all persons thus nominated, indicating the State Parties which have nominated them, and shall submit it to the States Parties to the present Convention.

7. The members of the Committee shall be elected for a term of four years. They shall be eligible for re-election once. However, the term of six of the members elected at the first election shall expire at the end of two years; immediately after the first election, the names of these six members shall be chosen by lot by the chairperson of the meeting referred to in paragraph 5 of this article.

8. The election of the six additional members of the Committee shall be held on the occasion of regular elections, in accordance with the relevant provisions of this article.

9. If a member of the Committee dies or resigns or declares that for any other cause she or he can no longer perform her or his duties, the State Party which nominated the member shall appoint another expert possessing the qualifications and meeting the requirements set out in the relevant provisions of this article, to serve for the remainder of the term.

10. The Committee shall establish its own rules of procedure.

၁၁။ ဤကွန်ဗန်းရှင်းအရ ပြဋ္ဌာန်းထားသောလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ကော်မတီအား လိုအပ်သော ဝန်ထမ်းများနှင့် အကူအညီများဖြည့်ဆည်းပေးရမည်။ ထို့နောက် ပထမအကြိမ် အစည်းအဝေးကို စတင်ကျင်းပပေးရမည်။

၁၂။ ဤကွန်ဗန်းရှင်းအရ ဖွဲ့စည်းထားသောကော်မတီ အဖွဲ့ဝင်များသည် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အတည်ပြုချက်ဖြင့် ကော်မတီ၏တာဝန်ဝတ္တရားများ အရေးကြီးမှုနှင့် ပတ်သက်၍ ညီလာခံက ဆုံးဖြတ်သတ်မှတ်နိုင်သည့်ကာလနှင့် အခြေအနေများအတိုင်း လုပ်ခလစာများကို ကုလသမဂ္ဂရန်ပုံငွေမှ ရရှိခံစားရမည်။

၁၃။ ကော်မတီဝင်များသည် ကမ္ဘာ့ကုလသမဂ္ဂ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူစာချုပ်၏ သက်ဆိုင်ရာအခန်းပါ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့၏ ကျွမ်းကျင်သူများအတွက် ပြဋ္ဌာန်းထားသော အဆောင်အယောင်များ၊ အထူးအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်။

## အပိုဒ် (၃၅) အဖွဲ့ဝင်နိုင်ငံများက အစီရင်ခံခြင်း

၁။ အဖွဲ့ဝင်နိုင်ငံများသည် ဤကွန်ဗန်းရှင်းအရ သတ်မှတ်ထားသော ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထိရောက်အောင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်သော ပြည့်စုံသည့် အစီရင်ခံစာတစ်စောင်ကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်မှ တစ်ဆင့် ကော်မတီသို့ တင်သွင်းရမည်။ အစီရင်ခံစာကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၌ ဤကွန်ဗန်းရှင်း အာဏာသက်ရောက်ပြီးနောက် (၂)နှစ်အတွင်း တင်သွင်းရန်ဖြစ်သည်။

၂။ ထိုသို့တင်သွင်းပြီးနောက် အဖွဲ့ဝင်နိုင်ငံများသည် နောက်ဆက်တွဲ အစီရင်ခံစာကို အနည်းဆုံး (၄) နှစ်တစ်ကြိမ် တင်ပြရမည်ဖြစ်ပြီး ကော်မတီကတင်သွင်းရန် တောင်းဆိုသည့် အချိန်အခါများတွင်လည်း ထပ်မံရေးသားတင်သွင်းရမည်။

11. The Secretary-General of the United Nations shall provide the necessary staff and facilities for the effective performance of the functions of the Committee under the present Convention, and shall convene its initial meeting.

12. With the approval of the General Assembly, the members of the Committee established under the present Convention shall receive emoluments from United Nations resources on such terms and conditions as the Assembly may decide, having regard to the importance of the Committee's responsibilities.

13. The members of the Committee shall be entitled to the facilities, privileges and immunities of experts on mission for the United Nations as laid down in the relevant sections of the Convention on the Privileges and Immunities of the United Nations.

**Article 35 Reports by States Parties**

1. Each State Party shall submit to the Committee, through the Secretary-General of the United Nations, a comprehensive report on measures taken to give effect to its obligations under the present Convention and on the progress made in that regard, within two years after the entry into force of the present Convention for the State Party concerned.

2. Thereafter, States Parties shall submit subsequent reports at least every

၃။ ကော်မတီသည် အစီရင်ခံစာရေးသားရမည့်ပုံစံနှင့်ပတ်သက်၍ သင့်တော်သော လမ်းညွှန်မှုများကို ချမှတ်ဆုံးဖြတ်ပေးရမည်။

၄။ ပြီးပြည့်စုံသည့်ကနဦး အစီရင်ခံစာကိုတင်သွင်းပြီးသော အဖွဲ့ဝင်နိုင်ငံသည် နောက်ဆက်တွဲတင်ပြသည့်အစီရင်ခံစာ၌ ယခင်ဖော်ပြခဲ့ပြီးသော သတင်းအချက်အလက်များကို ထပ်မံဖော်ပြရန် မလိုအပ်ပါ။ အဖွဲ့ဝင်နိုင်ငံများသည် ကော်မတီသို့ တင်ပြမည့် အစီရင်ခံစာအား ပြင်ဆင်နေချိန်တွင် ဤကွန်ဗန်းရှင်းပါ အပိုဒ်(၄) စာပိုဒ်ခွဲ(၃)အား အလေးအနက်ထား ထည့်သွင်းစဉ်းစားရန်နှင့် လွတ်လပ်ပွင့်လင်းစွာ လုပ်ဆောင်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများကို ဖိတ်ခေါ်သွားရမည်။

၅။ အစီရင်ခံစာများတွင် ဤကွန်ဗန်းရှင်းပါ တာဝန်ဝတ္တရားများကို အောင်မြင်အောင် ဆောင်ရွက်မှုအခြေအနေကို ထိခိုက်စေသည့် အကြောင်းခြင်းရာများနှင့် အခက်အခဲများကို ရည်ညွှန်းကိုးကားဖော်ပြနိုင်သည်။

**အပိုဒ် (၃၆) အစီရင်ခံစာများကိုစဉ်းစားဆုံးဖြတ်ခြင်း**

၁။ အစီရင်ခံစာများကိုကော်မတီက စဉ်းစားဆွေးနွေးပြီး သင့်တော်သည်ဟု ယူဆရသော အကြံပြုချက်များနှင့် ထောက်ခံချက်များကိုချမှတ်ကာ ယင်းတို့အား သက်ဆိုင်သည့် နိုင်ငံများသို့ ပေးပို့ရမည်။ အဖွဲ့ဝင်နိုင်ငံများသည် ကော်မတီကရွေးချယ်ကောက်နုတ်ချက်များ နှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကော်မတီသို့ ပြန်လည်ဖြေဆိုရမည်။ ဤကွန်ဗန်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပတ်သက်သော အခြား သတင်းအချက်အလက်များကိုလည်း ကော်မတီကအဖွဲ့ဝင်နိုင်ငံများအား ထပ်မံ တောင်းဆိုနိုင်သည်။

၂။ အဖွဲ့ဝင်နိုင်ငံတစ်ခုသည် အစီရင်ခံစာတင်သွင်းရန် အလွန်အမင်း နောက်ကျနေပါက ထိုနိုင်ငံရှိကွန်ဗန်းရှင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ပြန်လည်ဆန်းစစ်ရန် လိုအပ်ကြောင်း၊ ခိုင်လုံသောသတင်းအချက်အလက်များရရှိရေး

four years and further whenever the Committee so requests.

3. The Committee shall decide any guidelines applicable to the content of the reports.

4. A State Party which has submitted a comprehensive initial report to the Committee need not, in its subsequent reports, repeat information previously provided. When preparing reports to the Committee, States Parties are invited to consider doing so in an open and transparent process and to give due consideration to the provision set out in article 4.3 of the present Convention.

5. Reports may indicate factors and difficulties affecting the degree of fulfilment of obligations under the present Convention.

**Article 36 Consideration of reports**

1. Each report shall be considered by the Committee, which shall make such suggestions and general recommendations on the report as it may consider appropriate and shall forward these to the State Party concerned. The State Party may respond with any information it chooses to the Committee. The Committee may request further information from States Parties relevant to the implementation of the present Convention.

2. If a State Party is significantly overdue in the submission of a report, the Committee may notify the State Party concerned of the need to examine

အတွက်အဆိုပါနိုင်ငံများသို့ ကော်မတီက အကြောင်းကြားရမည်။ အကြောင်းကြားပြီး (၃)လအတွင်း သက်ဆိုင်ရာအစီရင်ခံစာ တင်ပြခြင်းမပြုသေးပါက ကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်မှု ဆန်းစစ်ရေးတွင် ပါဝင်ရေးအတွက် အဆိုပါနိုင်ငံကို ဖိတ်ခေါ်ရမည်။ သက်ဆိုင်ရာအစီရင်ခံစာ တင်သွင်းသောနိုင်ငံသည် ဤပြဋ္ဌာန်းချက်အပိုဒ် (၁) ပါအတိုင်းဆောင်ရွက်ပေးရမည်။

၃။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည်အဖွဲ့ဝင်နိုင်ငံအားလုံးသို့ အစီရင်ခံစာများ ရရှိရေးအတွက် ဆောင်ရွက်ရမည်။

၄။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အစီရင်ခံစာကို ၎င်းတို့နိုင်ငံအတွင်းရှိ အများပြည်သူ ကျယ်ပြန့်စွာသိရှိနိုင်အောင် ဆောင်ရွက်ပေးရမည်။ ထို့ပြင်အဆိုပါ အစီရင်ခံစာနှင့် ပတ်သက်သည့် သုံးသပ်အကြံပြုထောက်ခံချက်များကိုလည်း အလွယ်တကူပေးနိုင်အောင် စီစဉ်ပေးရမည်။

၅။ အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာများအရ နည်းပညာဆိုင်ရာ အကြံဉာဏ် (သို့) အကူအညီလိုအပ်မှုအတွက်တောင်းဆိုချက် (သို့) ရည်ညွှန်းချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရေးအတွက် ကော်မတီသည် သင့်တော်သည်ဟု ယူဆသည့်အတိုင်း ကုလသမဂ္ဂ ရန်ပုံငွေနှင့် လုပ်ငန်းအစီအစဉ်များနှင့် အခြားကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်းများ အနက်မှ တောင်းဆိုချက် (သို့) ရည်ညွှန်းချက်တစ်ရပ်ရပ်ကို ကော်မတီ၏ စုံစမ်းလေ့လာမှု၊ အကြံပေး ထောက်ခံချက်များနှင့်အညီ အထူးအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးရမည်။

## အပိုဒ် (၃၇) ပါဝင်ဘက်နိုင်ငံများနှင့်ကော်မတီအကြားပူးပေါင်းဆောင်ရွက်ခြင်း

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အပြင် ကော်မတီဝင်များက ၎င်းတို့အားပေးအပ်ထားသော အခွင့်အာဏာကို အောင်မြင်စွာ ဆောင်ရွက်ရေး၌ အကူအညီပေးရမည်။

the implementation of the present Convention in that State Party, on the basis of reliable information available to the Committee, if the relevant report is not submitted within three months following the notification. The Committee shall invite the State Party concerned to participate in such examination. Should the State Party respond by submitting the relevant report, the provisions of paragraph 1 of this article will apply.

3. The Secretary-General of the United Nations shall make available the reports to all States Parties.

4. States Parties shall make their reports widely available to the public in their own countries and facilitate access to the suggestions and general recommendations relating to these reports.

5. The Committee shall transmit, as it may consider appropriate, to the specialized agencies, funds and programmes of the United Nations, and other competent bodies, reports from States Parties in order to address a request or indication of a need for technical advice or assistance contained therein, along with the Committee's observations and recommendations, if any, on these requests or indications.

**Article 37 Cooperation between States Parties and the Committee**

1. Each State Party shall cooperate with the Committee and assist its

၂။ အဖွဲ့ဝင်နိုင်ငံများနှင့် ကော်မတီ၏ ဆက်ဆံရေးတွင် ဤကွန်ဗန်းရှင်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အပါအဝင် အမျိုးသားရေးစွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် လျော်ကန်သော နည်းလမ်းများကို ကော်မတီကအလေးအနက်ထားစဉ်းစားပေးရမည်။

**အပိုဒ် ( ၃၈ ) ကော်မတီနှင့် အခြားအဖွဲ့အစည်းများဆက်ဆံရေး**

ဤကွန်ဗန်းရှင်းကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဤကွန်ဗန်းရှင်းအရ လွှမ်းခြုံထားသောနယ်ပယ်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို အားပေးရေးတို့အတွက်-

(က) အထူးအေဂျင်စီများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများသည် ဤကွန်ဗန်းရှင်းပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စဉ်းစားဆုံးဖြတ်ရာ၌ ၎င်းတို့၏ အခွင့်အာဏာအတွင်း ကျရောက်ဘိသကဲ့သို့ ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ ဤကွန်ဗန်းရှင်း အကောင်ထည်ဖေါ်ဆောင်ရွက်ရေး၌ ကော်မတီသည် အထူးအေဂျင်စီများနှင့် အခြားကျွမ်းကျင်သော အဖွဲ့အစည်းများကို ၎င်းတို့နှင့် သက်ဆိုင်ရာအခွင့်အာဏာအတွင်း ကျရောက်သောနယ်ပယ်များ၌ ကျွမ်းကျင်သော အကြံဉာဏ်များပေးရန် သင့်တော်သည်ဟုမှတ်ယူ၍ ဖိတ်ကြားရမည်။ ကော်မတီသည် ဤကွန်ဗန်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် အထူးအေဂျင်စီများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအား ၎င်းတို့၏လုပ်ငန်းရပ်များအတွင်း ကျရောက်သော နယ်ပယ်အသီးသီးအတွက် ဆောင်ရွက်မှု အစီရင်ခံစာများကို တင်ပြရန် ဖိတ်ခေါ်နိုင်သည်။

(ခ) ကော်မတီသည် ၎င်းတို့၏အခွင့်အာဏာများကို ထုတ်ပြန်ရာတွင် သက်ဆိုင်ရာ အစီရင်ခံစာရေးသားမှု လမ်းညွှန်ချက်များ၊ သုံးသပ်အကြံပြုချက်များနှင့် ယေဘုယျထောက်ခံချက်များ တစ်သမတ်တည်းရှိစေရေး၊ လုပ်ငန်းများ

members in the fulfilment of their mandate.

2. In its relationship with States Parties, the Committee shall give due consideration to ways and means of enhancing national capacities for the implementation of the present Convention, including through international cooperation.

**Article 38 Relationship of the Committee with other bodies**

In order to foster the effective implementation of the present Convention and to encourage international cooperation in the field covered by the present Convention:

( a ) The specialized agencies and other United Nations organs shall be entitled to be represented at the consideration of the implementation of such provisions of the present Convention as fall within the scope of their mandate. The Committee may invite the specialized agencies and other competent bodies as it may consider appropriate to provide expert advice on the implementation of the Convention in areas falling within the scope of their respective mandates. The Committee may invite specialized agencies and other United Nations organs to submit reports on the implementation of the Convention in areas falling within the scope of their activities;

( b ) The Committee, as it discharges its mandate, shall consult, as appropriate, other relevant bodies instituted by international

ဆောင်ရွက်ရာ၌ပံ့ပိုးကူညီခြင်း၊ လုပ်ငန်းများထပ်နေခြင်းတို့ကို ရှောင်ကြဉ်ရေးတို့အတွက် နိုင်ငံတကာလူ့အခွင့်အရေး ကွန်ဗန်းရှင်းများအရ ဖွဲ့စည်းထားသော အခြားဆက်စပ်နေသည့် အဖွဲ့အစည်းများနှင့် တိုင်ပင်နှီးနှော အကြံဉာဏ်ရယူခြင်း ပြုရမည်။

## အပိုဒ် (၃၉) ကော်မတီ၏ အစီရင်ခံစာ

ကော်မတီသည် ၎င်း၏လုပ်ငန်းများနှင့် သက်ဆိုင်သော အစီရင်ခံစာကို ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီတို့သို့ (၂)နှစ်တစ်ကြိမ် တင်သွင်းရမည်။ ထို့ပြင်အဖွဲ့ဝင်နိုင်ငံများမှ အစီရင်ခံစာများအပေါ် လေ့လာဆန်းစစ်ချက်များနှင့် ရရှိသောသတင်းအချက်အလက်များအပေါ် အခြေပြု၍ အကြံပြုချက်များနှင့် ထောက်ခံချက်များကိုလည်း ပြုလုပ်တင်သွင်းနိုင်သည်။ အဆိုပါ အကြံပြုချက်များနှင့် ယေဘုယျထောက်ခံချက်များတွင် အဖွဲ့ဝင်နိုင်ငံများက ဝေဖန်သုံးသပ်ချက်များရှိပါက ယင်းတို့နှင့်အတူ ကော်မတီ၏အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုဒ် (၄၀) အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ

၁။ အဖွဲ့ဝင်နိုင်ငံများသည် ဤကွန်ဗန်းရှင်း အကောင်အထည်ဖေါ်ဆောင်ရွက်ရေးနှင့် ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမဆို စဉ်းစားဆွေးနွေးရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ညီလာခံတွင် ပုံမှန်တွေ့ဆုံရမည်။

၂။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ဤကွန်ဗန်းရှင်း အာဏာသက်ရောက်ပြီးနောက် (၆) လထက် နောက်မကျစေဘဲ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံကို ကျင်းပပေးရမည်။ နောက်ဆက်တွဲအစည်းအဝေးများကို (၂)နှစ်တစ်ကြိမ်ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံဆုံးဖြတ်ချက်အရဖြစ်စေ၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က ကျင်းပပေးရမည်။

human rights treaties, with a view to ensuring the consistency of their respective reporting guidelines, suggestions and general recommendations, and avoiding duplication and overlap in the performance of their functions.

**Article 39 Report of the Committee**

The Committee shall report every two years to the General Assembly and to the Economic and Social Council on its activities, and may make suggestions and general recommendations based on the examination of reports and information received from the States Parties. Such suggestions and general recommendations shall be included in the report of the Committee together with comments, if any, from States Parties.

**Article 40 Conference of States Parties**

1. The States Parties shall meet regularly in a Conference of States Parties in order to consider any matter with regard to the implementation of the present Convention.

2. No later than six months after the entry into force of the present Convention, the Conference of the States Parties shall be convened by the Secretary-General of the United Nations. The subsequent meetings shall be convened by the Secretary-General of the United Nations biennially or upon the

## အပိုဒ် (၄၁) ကွန်ဗင်းရှင်းကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်သူ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ဤသဘောတူစာချုပ်ကို လက်ခံထိန်းသိမ်းဆောင်ရွက်သူဖြစ်သည်။

## အပိုဒ် (၄၂) လက်မှတ်ရေးထိုးခြင်း

ဤကွန်ဗင်းရှင်းကို အဖွဲ့ဝင်နိုင်ငံများနှင့် ဒေသဆိုင်ရာ ပေါင်းစည်းရေး အဖွဲ့များမှ လက်မှတ်ရေးထိုးရန်အတွက် ၂၀၀၇ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ရုံး၌ ဖွင့်လှစ်ထားရှိရမည်။

## အပိုဒ် (၄၃) စာချုပ်ချုပ်ဆိုရန် သဘောတူချက်

ဤကွန်ဗင်းရှင်းသည် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများနှင့် ဒေသဆိုင်ရာ ပေါင်းစည်းရေးအဖွဲ့များ၏ တရားဝင်လက်မှတ်ရေးထိုးမှုဖြင့် အတည်ဖြစ်စေရမည်။ ဤကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခြင်း မပြုရသေးသောနိုင်ငံများနှင့် ဒေသဆိုင်ရာ ပေါင်းစည်းရေးအဖွဲ့အစည်းများ သဘောတူလက်မှတ်ရေးထိုးရေးအတွက် ဖွင့်လှစ်ထားရမည်။

## အပိုဒ်(၄၄) ဒေသဆိုင်ရာအဖွဲ့အစည်းများ

၁။ "**ဒေသဆိုင်ရာ အဖွဲ့အစည်း**" ဆိုသည်မှာ သတ်မှတ်ပေးထားသော ဒေသတစ်ခုအတွင်းရှိ အချုပ်အချာအာဏာပိုင်နိုင်ငံများက ထူထောင်ထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ယင်း၏ဤကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းထားသော ကိစ္စရပ်များနှင့် ပတ်သက်သည့် ကျွမ်းကျင်မှုကို အဖွဲ့ဝင်နိုင်ငံများက ယင်းအဖွဲ့အစည်းသို့ လွှဲပြောင်းပေးကြရသည်။ အဆိုပါအဖွဲ့အစည်းမျိုးများသည် ၎င်းတို့၏ တရားဝင်အတည်ပြုရေး (သို့) သဘောတူညီရေးဆိုင်ရာစာချုပ်များနှင့် ဤကွန်ဗင်းရှင်းပါပြဋ္ဌာန်းထားသော ကိစ္စရပ်များနှင့် ပတ်သက်သည် ကျွမ်းကျင်မှုများ၏ ပမာဏတို့ကို ထုတ်ဖော်ကြေညာရမည်။

decision of the Conference of States Parties.

**Article 41 Depositary**

The Secretary-General of the United Nations shall be the depositary of the present Convention.

**Article 42 Signature**

The present Convention shall be open for signature by all States and by regional integration organizations at United Nations Headquarters in New York as of 30 March 2007.

**Article 43 Consent to be bound**

The present Convention shall be subject to ratification by signatory States and to formal confirmation by signatory regional integration organizations. It shall be open for accession by any State or regional integration organization which has not signed the Convention.

**Article 44 Regional integration organizations**

1. “Regional integration organization” shall mean an organization constituted by sovereign States of a given region, to which its member States have transferred competence in respect of matters governed by this Convention.

ထို့ပြင်၎င်းတို့၏ ကျွမ်းကျင်မှုပမာဏနှင့် ပတ်သက်ပြီး ခိုင်မာသောမည်သည့် ပြောင်းလဲမှု မျိုးကိုမဆို ကွန်ဗန်းရှင်း ထိန်းသိမ်းစောင့်ရှောက်သူထံသို့ အကြောင်းကြားရမည်။

၂။ ဤကွန်ဗန်းရှင်းပါ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏တာဝန်ယူ ဆောင်ရွက်နိုင်မှု အကန့်အသတ်အတွင်းမှ ဒေသဆိုင်ရာအဖွဲ့အစည်းများသို့ ပါဝင်ပူးပေါင်းဆောင်ရွက်ရမည်။

၃။ ဤကွန်ဗန်းရှင်းအပိုဒ် ၄၅ အပိုဒ်ခွဲ ၁ နှင့်အပိုဒ် ၄၇၊ အပိုဒ်ခွဲ ၂ နှင့် ၃ တို့၏ အကျိုးအတွက်ဒေသဆိုင်ရာအဖွဲ့အစည်းများက တင်သွင်းသောမည်သည့် စာချုပ် စာတမ်းကိုမျှ ထည့်သွင်းစဉ်းစားခြင်းမပြုရ။

၄။ ၎င်းတို့၏ကျွမ်းကျင်မှုနှင့် ပတ်သက်သောကိစ္စရပ်များတွင် ဒေသဆိုင်ရာ အဖွဲ့ အစည်းများသည် အဖွဲ့ဝင်နိုင်ငံများ၏သဘောတူညီလာခံ၌ ၎င်းတို့၏ မဲဆန္ဒပေးပိုင်ခွင့်ကို အသုံးပြု နိုင်သည်။ ယင်းသို့ဆန္ဒမဲပေးရာတွင် ဆန္ဒမဲအရေအတွက်သည် ဤကွန်ဗန်းရှင်း၏ အဖွဲ့ဝင်လည်းဖြစ်ပြီး ၎င်တို့၏အဖွဲ့ဝင်လည်းဖြစ်သော နိုင်ငံအရေအတွက်နှင့် တူညီရမည်။ အကယ်၍ ယင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ဤမဲဆန္ဒပေးပိုင်ခွင့်ကို အသုံးပြုလျှင် အပြန်အလှန် အားဖြင့် အဆိုပါအဖွဲ့အစည်းသည် ယင်းမဲဆန္ဒပေးပိုင်ခွင့်ကို အသုံးမပြုရ။

## အပိုဒ် (၄၅) ကွန်ဗန်းရှင်း အာဏာသက်ရောက်ခြင်း

၁။ ဤကွန်ဗန်းရှင်းသည် အတည်ပြုလက်မှတ်ရေးထိုးခြင်း (သို့)သဘောတူ လက်ခံခြင်း အထောက်အထားစာချုပ် ၂၀-ခုမြောက် (နိုင်ငံ၂၀မြောက်) တင်သွင်းပြီး နောက်(၃၀)ရက် ပြည့်သည့်နေ့တွင် စတင်အာဏာသက်ရောက်သည်။

၂။ အဆိုပါကွန်ဗန်းရှင်း ၂၀ ခုမြောက် တင်သွင်းပြီးနောက်၌ ဤကွန်ဗန်းရှင်းကို အတည်ပြုခြင်း၊ တရားဝင်ခိုင်မာစေခြင်း (သို့) တရားဝင် လက်ခံခြင်းပြုသော နိုင်ငံတစ်ခု စီအတွက် အဆိုပါနိုင်ငံက ယင်းသို့အတည်ပြု သဘောတူလက်ခံကြောင်း အထောက် အထားစာချုပ်တင်သွင်းပြီးနောက် (၃၀)ရက်ပြည့်မြောက်သည့်နေ့တွင် ဤကွန်ဗန်းရှင်း စတင်အာဏာသက်ရောက်သည်။

Such organizations shall declare, in their instruments of formal confirmation or accession, the extent of their competence with respect to matters governed by this Convention. Subsequently, they shall inform the depositary of any substantial modification in the extent of their competence.

2. References to “States Parties” in the present Convention shall apply to such organizations within the limits of their competence.

3. For the purposes of article 45, paragraph 1, and article 47, paragraphs 2 and 3, any instrument deposited by a regional integration organization shall not be counted.

4. Regional integration organizations, in matters within their competence, may exercise their right to vote in the Conference of States Parties, with a number of votes equal to the number of their member States that are Parties to this Convention. Such an organization shall not exercise its right to vote if any of its member States exercises its right, and vice versa.

**Article 45 Entry into force**

1. The present Convention shall enter into force on the thirtieth day after the deposit of the twentieth instrument of ratification or accession.

2. For each State or regional integration organization ratifying, formally

## အပိုဒ် (၄၆) ခြွင်းချက်

၁။ ဤကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုမရှိသောခြွင်းချက်များကို ခွင့်ပြုလိမ့်မည်မဟုတ်။

၂။ ခြွင်းချက်များကို အချိန်မရွေးပယ်ဖျက်နိုင်သည်။

## အပိုဒ် (၄၇) ပြင်ဆင်ခြင်း

၁။ မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို ဤကွန်ဗင်းရှင်းအတွက် ပြင်ဆင်ချက် တစ်ရပ်ကို အဆိုပြုနိုင်သည်။ ယင်းအဆိုပြုချက်ကို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံ တင်သွင်းရမည်။ အထွေထွေအတွင်းရေးမှူးချုပ်က မည်သည့် အဆိုပြုပြင်ဆင်ချက်နှင့် ပတ်သက်၍မဆို ယင်းအဆိုပြုချက်ကို အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံတွင်စဉ်းစား ဆုံးဖြတ်ရန်သင့်မသင့်ကို အဖွဲ့ဝင်နိုင်ငံများအား ဆက်သွယ် အကြောင်းကြားရမည်။ ထိုသို့အကြောင်းကြား သည့်နေ့မှစ၍ (၄)လအတွင်း အဖွဲ့ဝင် နိုင်ငံများ၏ အနည်းဆုံး ၃ ပုံ ၁ပုံက ညီလာခံခေါ်ယူရန် သဘောတူလျှင် အထွေထွေ အတွင်းရေးမှူးချုပ်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အကူညီဖြင့်အဆိုပါ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံကို ကျင်းပပေးရမည်။ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံအများစု၏ ၃ ပုံ ၂ပုံက ဆန္ဒမဲပေး၍ ချမှတ်ခဲ့သော မည်သည့်ပြင်ဆင်ချက်မျိုးကိုမဆို အတည်ပြုချက် ရယူရေးအတွက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့တင်သွင်းရမည်။ ထို့နောက် ယင်းပြင်ဆင်ချက်ကို လက်ခံရေးအတွက် အဖွဲ့ဝင် နိုင်ငံများသို့တင်ပြရမည်။

၂။ ဤပြဋ္ဌာန်းချက်၏ အပိုဒ်(၁) နှင့် အညီချမှတ်အတည်ပြုခဲ့သော မည်သည့် ပြင်ဆင်ချက်မျိုးမဆို ပြင်ဆင်ချက်ချမှတ်သည့်နေ့၌ အဖွဲ့ဝင်နိုင်ငံများမှ လက်ခံကြောင်း တင်သွင်းသည့် အထောက်အထား အရေအတွက်သည် အဖွဲ့ဝင်နိုင်ငံများ၏ အရေ အတွက်၏ ၃ပုံ၂ပုံ ပြည့်မီပြီးသည့်နေ့၏ နောက်(၃၀)ရက်မြောက်သည့်နေ့၌ စတင်

confirming or acceding to the Convention after the deposit of the twentieth such instrument, the Convention shall enter into force on the thirtieth day after the deposit of its own such instrument.

**Article 46 Reservations**

1. Reservations incompatible with the object and purpose of the present Convention shall not be permitted.

2. Reservations may be withdrawn at any time.

**Article 47 Amendments**

1. Any State Party may propose an amendment to the present Convention and submit it to the Secretary-General of the United Nations. The Secretary-General shall communicate any proposed amendments to States Parties, with a request to be notified whether they favour a conference of States Parties for the purpose of considering and deciding upon the proposals. In the event that, within four months from the date of such communication, at least one third of the States Parties favour such a conference, the Secretary-General shall convene the conference under the auspices of the United Nations. Any amendment adopted by a majority of two thirds of the States Parties present and voting shall be submitted by the Secretary-General to the General Assembly for approval and thereafter to all States Parties for acceptance.

အာဏာသက်ရောက်သည်။ ထို့နောက် ယင်းပြင်ဆင်ချက်တစ်ရပ်သည် မည်သည့် အဖွဲ့ဝင်နိုင်ငံတွင်မဆိုလက်ခံကြောင်း ယင်းနိုင်ငံကတင်သွင်းသည့်နေ့၏နောက် ရက်ပေါင်း (၃၀)ပြည့်သည့်နေ့တွင် စတင်အာဏာ သက်ရောက်သည်။ ယင်းပြင်ဆင်ချက် တစ်ရပ်သည် ယင်းကိုသဘောတူ လက်ခံသောနိုင်ငံများ၌သာလျှင် အာဏာသက်ရောက်စေရမည်။

၃။ ပြင်ဆင်ချက်တစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများ၏ညီလာခံက အများသဘောတူဆုံးဖြတ်ခဲ့ပြီး ဤပြဌာန်းချက်၏ စာပိုဒ်(၁)အရ ချမှတ်အတည်ပြုခဲ့သော ယင်းပြင်ဆင်ချက်သည် အပိုဒ် ၃၄၊ ၃၈၊ ၃၉ နှင့် ၄၀တို့နှင့် လုံးဝသက်ဆိုင်မှုမရှိခဲ့လျှင် ယင်းပြင်ဆင်ချက် ချမှတ်သည့်နေ့၌ လက်ခံကြောင်းတင်သွင်းသည့် အထောက်အထား အရေအတွက်သည် ပါဝင်ဘက်နိုင်ငံများ အရေအတွက်၏ ၃ ပုံ ၂ ပုံ ပြည့်မီပြီးသည့်နေ့၏ နောက် ၃၀ရက် မြောက်သည့်နေ့မှ စတင်၍ အဖွဲ့ဝင်နိုင်ငံအားလုံးတွင် အာဏာသက်ရောက်သည်။

## အပိုဒ်(၄၈) ပျက်ပြယ်ကြောင်းကြေညာခြင်း

အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤကွန်ဗန်းရှင်းအဖွဲ့ဝင် နိုင်ငံအဖြစ်မှ ရပ်စဲလိုကြောင်း ကုလသမဂ္ဂထွေထွေအတွင်းရေးမှူးချုပ်ထံ စာဖြင့်အကြောင်းကြားနိုင်သည်။ ဤသို့ရပ်စဲခြင်းသည် အထွေထွေအတွင်းရေးမှူးချုပ်ထံမှ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ (၁)နှစ်အကြာတွင် အကျိုးသက်ရောက်စေရမည်။

## အပိုဒ်(၄၉) အများဖတ်ရှုလေ့လာနိုင်သောပုံစံ

ဤကွန်ဗန်းရှင်းပါ အကြောင်းအရာများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်သောပုံစံဖြင့် ရေးသားထားပါသည်။

2. An amendment adopted and approved in accordance with paragraph 1 of this article shall enter into force on the thirtieth day after the number of instruments of acceptance deposited reaches two thirds of the number of States Parties at the date of adoption of the amendment. Thereafter, the amendment shall enter into force for any State Party on the thirtieth day following the deposit of its own instrument of acceptance. An amendment shall be binding only on those States Parties which have accepted it.

3. If so decided by the Conference of States Parties by consensus, an amendment adopted and approved in accordance with paragraph 1 of this article which relates exclusively to articles 34, 38, 39 and 40 shall enter into force for all States Parties on the thirtieth day after the number of instruments of acceptance deposited reaches two thirds of the number of States Parties at the date of adoption of the amendment.

**Article 48 Denunciation**

A State Party may denounce the present Convention by written notification to the Secretary-General of the United Nations. The denunciation shall become effective one year after the date of receipt of the notification by the Secretary-General.

## အပိုဒ် (၅၀) တိကျမှန်ကန်စွာဘာသာပြန်ဆိုခြင်း

အာရပ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန်ဘာသာစကားဖြင့် ရေးသားထားသော ဤကွန်ဗန်းရှင်း၏ အကြောင်းအရာများသည်လည်း တန်းတူညီမျှ စစ်မှန်သော သဘောအဓိပ္ပာယ်ကိုဆောင်ရမည်။

ဤကွန်ဗန်းရှင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာပါဝင်ဘက်နိုင်ငံများ၏ အာဏာကုန်လွှဲအပ်ခြင်းခံရသူများက သဘောတူကြောင်း သက်သေအဖြစ်အောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

## Article 49 Accessible format

The text of the present Convention shall be made available in accessible formats.

## Article 50 Authentic texts

The Arabic, Chinese, English, French, Russian and Spanish texts of the present Convention shall be equally authentic.

*In witness thereof* the undersigned plenipotentiaries, being duly authorized thereto by their respective Governments, have signed the present Convention.

## ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ကွန်ဗင်းရှင်း

ဤနောက်ဆက်တွဲ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါတို့ကို သဘောတူညီခဲ့ကြပါသည်-

### အပိုဒ် (၁)

၁။ ဤကွန်ဗင်းရှင်း၏အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကော်မတီ၏ စီရင်ပိုင်ခွင့်အတွင်းရှိ တစ်ဦးချင်း(သို့) အများစုထံမှဖြစ်စေ၊ ၄င်းတို့၏ ကိုယ်စားဖြစ်စေ၊ ၄င်းတို့သည် ၄င်းတို့၏နိုင်ငံအနေဖြင့် သဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များလိုက်နာရန် ပျက်ကွက်မှုကို ခံစားနေရသူများဖြစ်ကြောင်း ရှင်းလင်းတင်ပြချက်ကို ကော်မတီက လက်ခံရယူ စဉ်စားဆုံးဖြတ်နိုင်သော စွမ်းရည်အပြည့်အဝရှိသည်ဟု အသိအမှတ်ပြုသည်။

၂။ ကွန်ဗင်းရှင်းနှင့် သက်ဆိုင်ခြင်းမရှိသော နိုင်ငံတစ်နိုင်ငံထံမှ ဆက်သွယ်ခြင်းကို ကော်မတီကလက်ခံမည် မဟုတ်ပါ။

### အပိုဒ်(၂)

အောက်ပါအခြေအနေမျိုးတွင် ကော်မတီက တင်ပြခွင့်ပြုရေးကို စဉ်းစား ဆုံးဖြတ်ရမည်-

(က) အမည်မဖော်ပြသောတင်ပြမှု၊

(ခ) ဆက်သွယ်မှုတွင် အခွင့်အရေးအလွဲသုံးစားခံရမှုကို တင်ပြခြင်း (သို့) ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် ကိုက်ညီမှုမရှိသော တင်ပြမှုမျိုး ဖြစ်ခြင်း၊

(ဂ) ကော်မတီကအလားတူကိစ္စမျိုးကို စစ်ဆေးပြီးခြင်း (သို့) နိုင်ငံတကာ စုံစမ်းစစ်ဆေးမှု(သို့) ဖြေရှင်းမှုလုပ်ငန်းစဉ်တစ်ခုအရ ဆောင်ရွက်ပြီး(သို့) ဆောင်ရွက်ဆဲကိစ္စဖြစ်ခြင်း၊

## Optional Protocol on Convention on the Rights of Persons with Disabilities

*The States parties to the present Protocol have agreed as follow:*

### Article 1

1. A State Party to the present Protocol ("State Party") recognizes the competence of the Committee on the Rights of Persons with Disabilities ("the Committee") to receive and consider communications from or on behalf of individuals or groups of individuals subject to its jurisdiction who claim to be victims of a violation by that State Party of the provisions of the Convention.

2. No communication shall be received by the Committee if it concerns a State Party to the Convention that is not a party to the present Protocol

### Article 2

The Committee shall consider a communication inadmissible when:

a. The communication is anonymous;

b. The communication constitutes an abuse of the right of submission of such communications or is incompatible with the provisions of the Convention;

c. The same matter has already been examined by the Committee or has been or is being examined under another procedure of international investigation or settlement;

(ဃ) ရနိုင်သမျှသော ပြည်တွင်းဖြေရှင်းဆောင်ရွက်မှုများ ကုန်ဆုံးမှုမရှိသေးခြင်း၊ ဖြေရှင်းနည်းများကို အသုံးပြုရာတွင် မလိုလားအပ်ဘဲ အချိန်ကြာမြင့်နေပါက (သို့) ကျေနပ်လောက်သော ဖြေရှင်းမှုမျိုး မဟုတ်ပါက အဆိုပါတင်ပြမှုမျိုးကို ခွင့်ပြုရန်မလိုလားခြင်း၊

( င ) တင်ပြချက်သည် တမင်လုပ်ကြံထားကြောင်း ထင်ရှားခြင်းနှင့် အထောက်အထားခိုင်လုံမှုမရှိခြင်း၊

(စ) အချက်အလက်များသည် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတွင် ဤကွန်ဗန်းရှင်း အတည်ပြုပြီးနောက်ဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ ယင်းနေ့မတိုင်မီက ပေါ်ပေါက်ခဲ့သည့် အချက်အလက်များဖြစ်ခြင်းစသည့် အခြေအနေမျိုးတွင် ကော်မတီအနေဖြင့် ဆက်သွယ်လာခြင်းကို ခွင့်မပြုရန်ဆုံးဖြတ်ရမည်။

## အပိုဒ်(၃)

ဤကွန်ဗန်းရှင်းအပိုဒ်(၂)၏ နောက်ဆက်တွဲအနေဖြင့် ကော်မတီသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက အလေးထားရန် လျှို့ဝှက်တင်ပြလာသော မည်သည့် တင်ပြချက်မျိုးမဆို လက်ခံဆောင်ရွက်ရမည်။ ကော်မတီ၏ အကြောင်းကြားချက်ကို လက်ခံရရှိသောနိုင်ငံသည် ဖြစ်ပွားသည့်အကြောင်းအရင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုရှိပါက ယင်းဖြေရှင်း ဆောင်ရွက်ပေးမှုကိုပါ အကျိုးကြောင်းဖော်ပြ၍ ကော်မတီသို့ (၆)လအတွင်း စာဖြင့်ရေးသားဖြေရှင်း၍ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေတင်ပြရမည်။

## အပိုဒ်(၄)

၁။ တင်ပြအကြောင်းကြားချက်တစ်ရပ်ကိုရရှိပြီး အကျိုးအပြစ်တစ်ရပ်ကို ဆုံးဖြတ်ခြင်းမပြုမီ ကော်မတီက သက်ဆိုင်ရာနိုင်ငံသို့ အရေးပေါ်မေတ္တာရပ်ခံစာတစ်စောင်ပေးပို့ရမည်။ ယင်းတွင် အဖွဲ့နိုင်ငံအနေဖြင့် ကြားကာလအတွင်း၌ ဥပဒေနှင့်မညီညွတ်သော ချိုးဖောက်မှု ကျူးလွန်ခံရသူ (သို့) ကျူးလွန်ခံရသူများအပေါ် ပြုပြင်၍မရသော နစ်နာမှုမျိုး ဖြစ်ပွားခြင်းမှ ရှောင်ကြဉ်ရန် ဆောင်ရွက်ရေးကို ဖော်ပြပါရှိရမည်။

d. All available domestic remedies have not been exhausted. This shall not be the rule where the application of the remedies is unreasonably prolonged or unlikely to bring effective relief;

e. It is manifestly ill-founded or not sufficiently substantiated; or when

f. The facts that are the subject of the communication occurred prior to the entry into force of the present Protocol for the State Party concerned unless those facts continued after that date.

**Article 3**

Subject to the provisions of article 2 of the present Protocol, the Committee shall bring any communications submitted to it confidentially to the attention of the State Party. Within six months, the receiving State shall submit to the Committee written explanations or statements clarifying the matter and the remedy, if any, that may have been taken by that State.

**Article 4**

1. At any time after the receipt of a communication and before a determination on the merits has been reached, the Committee may transmit to the State Party concerned for its urgent consideration a request that the State Party take such interim measures as may be necessary to avoid possible irreparable damage to the victim or victims of the alleged violation.

၂။ ကော်မတီသည် ဤပြဌာန်းချက်အပိုဒ် (၁)အရ ချင့်ချိန်ဆောင်ရွက်မှုသည် ဆောင်ရွက်မှုနှင့်ပတ်သက်၍ လက်ခံရန်ဆုံးဖြတ်သည် (သို့) အကျိုးအပြစ်ကို ဆုံးဖြတ်သည်ဟု သဘောမသက်ရောက်စေရ။

**အပိုဒ်(၅)**

ဤကွန်ဗန်းရှင်းအရ တင်ပြချက်ကို စစ်မေးသောအခါ ကော်မတီက တံခါးပိတ်အစည်းအဝေးများကို ကျင်းပရမည်။ တင်ပြချက်ကို စစ်မေးပြီးသောအခါ ၄င်း၏ အကြံပြုချက်နှင့် ထောက်ခံချက်ကို သက်ဆိုင်သည့် အဖွဲ့ဝင်နိုင်ငံနှင့် တင်ပြချက်ပေးပို့သူတို့ထံသို့ ပေးပို့ရမည်။

**အပိုဒ် (၆)**

၁။ ကွန်ဗန်းရှင်းပါ ရေ့တွင်ဖော်ပြပါရှိသည့် ပြဌာန်းချက်များကို အဖွဲ့ဝင်နိုင်ငံတစ်ခုက ကြီးလေးစွာ (သို့) စနစ်တကျချိုးဖောက်နေကြောင်း ရည်ညွှန်းသည့်ခိုင်လုံသော သတင်းအချက်အလက်ရရှိပါက ကော်မတီသည် အဆိုပါသတင်းအချက်အလက်ကို စုံစမ်းမေးမြန်းရာ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် သက်ဆိုင်ရာပါဝင်ဘက်နိုင်ငံသို့ ဖိတ်ကြားရမည့်အပြင် အဆိုပါသတင်းနှင့်ပတ်သက်သည့် လေ့လာတွေ့ရှိချက်များကို တင်ပြရမည်။

၂။ အဖွဲ့ဝင်နိုင်ငံက စုံစမ်းလေ့လာတင်ပြသည့် မည်သည့်တွေ့ရှိချက်မျိုးကိုဖြစ်စေ၊ ၄င်းနှင့်ပတ်သက်သည့် အခြားရနိုင်သမျှသော ခိုင်လုံသည့်မည့်သည့် သတင်းအချက်အလက်မျိုးကိုဖြစ်စေ ထည့်သွင်းစဉ်းစားလျက် ကော်မတီက ၄င်း၏အဖွဲ့ဝင်တစ်ဦး (သို့) အဖွဲ့ဝင်များကို စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ရမည့်အပြင် စုံစမ်းတွေ့ရှိချက်များကို ကော်မတီသို့ အမြန်ဆုံးအစီရင်ခံရန် တာဝန်ပေးရမည်။ အဖွဲ့နိုင်ငံ၏ အာမခံချက်နှင့် သဘောတူချက်ရရှိပါက အဆိုပါနိုင်ငံ၏ ပိုင်နက်အတွင်း သွားရောက်စုံစမ်းစစ်ဆေးနိုင်သည်။

2. Where the Committee exercises its discretion under paragraph 1 of this article, this does not imply a determination on admissibility or on the merits of the communication.

**Article 5**

The Committee shall hold closed meetings when examining communications under the present Protocol. After examining a communication, the Committee shall forward its suggestions and recommendations, if any, to the State Party concerned and to the petitioner.

**Article 6**

1. If the Committee receives reliable information indicating grave or systematic violations by a State Party of rights set forth in the Convention, the Committee shall invite that State Party to cooperate in the examination of the information and to this end submit observations with regard to the information concerned.

2. Taking into account any observations that may have been submitted by the State Party concerned as well as any other reliable information available to it, the Committee may designate one or more of its members to conduct an inquiry and to report urgently to the Committee. Where warranted and with the consent of the State Party, the inquiry may include a visit to its territory.

၃။ စုံစမ်းစစ်ဆေးတွေ့ရှိမှုများကို စစ်ဆေးပြီးနောက် ဤကော်မတီက အဆိုပါစုံစမ်းတွေ့ရှိချက်များကို ၎င်း၏အကြံပြုချက်၊ ထောက်ခံချက်များနှင့် အတူသက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံသို့ လွှဲပြောင်းပေးရမည်။

၄။ ကော်မတီက လွှဲပြောင်းပေးပို့သော စုံစမ်းတွေ့ရှိချက်များ အကြံပြုထောက်ခံချက်များကို လက်ခံရရှိပြီးသောအခါ အဖွဲ့ဝင်နိုင်ငံသည် ၎င်း၏ လေ့လာတွေ့ရှိချက်များကို ကော်မတီသို့ (၆)လအတွင်း တင်ပြရမည်။

၅။ အဆိုပါထိုသို့သောစုံစမ်းမှုမျိုးကို လျှို့ဝှက်လုံခြုံစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ် အဆင့်တိုင်း၌ အဖွဲ့ဝင်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရမည်။

**အပိုဒ်(၇)**

၁။ ကော်မတီသည် အဖွဲ့ဝင်နိုင်ငံများက ကွန်ဗန်းရှင်း အပိုဒ်(၃၅)အရ တင်သွင်းသော အစီအရင်ခံစာ၌ ဤကွန်ဗန်းရှင်းပြဌာန်းချက် (၆)အရ ပြုလုပ်သော စုံစမ်းစစ်ဆေးရေး အဖွဲ့သို့ အရေးယူဆောင်ရွက်ပေးမှုမှန်သမျှ အသေးစိတ်ကို ထည့်သွင်း ရေးသားဖော်ပြရန် အကြောင်းကြားရမည်။

၂။ (၆)လကုန် ဆုံးပြီးနောက် ကော်မတီသည် လိုအပ်ပါက သက်ဆိုင်ရာနိုင်ငံအား အပိုဒ် ၆-၄ ကို ရည်ညွှန်းလျက် စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ ၎င်း၏တုံ့ပြန်ဆောင်ရွက်မှုများကို ကော်မတီသို့ သတင်းပေးပို့ရန် အကြောင်းကြားနိုင်သည်။

**အပိုဒ်(၈)**

အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤကွန်ဗန်းရှင်းကို လက်မှတ်ရေးထိုးချိန်၌ ဖြစ်စေ အတည်ပြုချိန်၌ဖြစ်စေ (သို့) ဤကွန်ဗန်းရှင်း အပိုဒ် (၆) နှင့် (၇)အရ ဖွဲ့စည်းထားသော ကော်မတီ၏ အရည်အချင်းကို အသိအမှတ် မပြုကြောင်း ထုတ်ဖော် ကြေညာနိုင်သည်။

3. After examining the findings of such an inquiry, the Committee shall transmit these findings to the State Party concerned together with any comments and recommendations.

4. The State Party concerned shall, within six months of receiving the findings, comments and recommendations transmitted by the Committee, submit its observations to the Committee.

5. Such an inquiry shall be conducted confidentially and the cooperation of the State Party shall be sought at all stages of the proceedings.

**Article 7**

1. The Committee may invite the State Party concerned to include in its report under article 35 of the Convention details of any measures taken in response to an inquiry conducted under article 6 of the present Protocol.

2. The Committee may, if necessary, after the end of the period of six months referred to in article 6, paragraph 4, invite the State Party concerned to inform it of the measures taken in response to such an inquiry.

**Article 8**

Each State Party may, at the time of signature or ratification of the present Protocol or accession thereto, declare that it does not recognize the competence of the Committee provided for in articles 6 and 7.

**အပိုဒ်(၉)**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် ဤကွန်ဗန်းရှင်းကို တာဝန်ယူ ထိန်းသိမ်းသူဖြစ်သည်။

**အပိုဒ်(၁၀)**

ဤကွန်ဗန်းရှင်းကို အဖွဲ့ဝင်နိုင်ငံများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ လက်မှတ် ရေးထိုးရန်အတွက် ၂၀၀၇-ခုနှစ် မတ်လ၃၀ရက်နေ့တွင် နယူးယောက်မြို့ရှိ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ချုပ်ရုံး၌ ဖွင့်လှစ်ထားရှိရမည်။

**အပိုဒ်(၁၁)**

ဤကွန်ဗန်းရှင်းသည် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများနှင့် ဒေသဆိုင်ရာ ပေါင်းစည်းရေးအဖွဲ့များ၏ တရားဝင်လက်မှတ်ရေးထိုးမှုဖြင့် အတည်ဖြစ်စေရမည်။ ဤကွန်ဗန်းရှင်းကို လက်မှတ်ရေးထိုးခြင်း မပြုရသေးသောနိုင်ငံများနှင့် ဒေသဆိုင်ရာ ပေါင်းစည်းရေးအဖွဲ့အစည်းများ သဘောတူလက်မှတ်ရေးထိုးရေးအတွက် ဖွင့်လှစ် ထားရမည်။

**အပိုဒ် (၁၂)**

၁။ "**ဒေသဆိုင်ရာအဖွဲ့အစည်း**"ဆိုသည်မှာ သတ်မှတ်ပေးထားသော ဒေသတစ်ခု အတွင်းရှိ အချုပ်အခြာအာဏာပိုင်နိုင်ငံများက ထူထောင်ထားသော အဖွဲ့စည်းတစ်ရပ်ဖြစ်ပြီး ယင်း၏အဖွဲ့ဝင်နိုင်ငံများက ဤကွန်ဗန်းရှင်းပါ ပြဌာန်းထားသော ကိစ္စရပ်များနှင့် ပတ်သက်သည့် ကျွမ်းကျင်မှုကို ယင်းအဖွဲ့အစည်းသို့ လွှဲပြောင်းပေးကြရသည်။ အဆိုပါအဖွဲ့ အစည်းမျိုးသည် ၎င်းတို့၏ တရားဝင်အတည်ပြုရေး (သို့) သဘောတူညီရေးဆိုင်ရာ စာချုပ်များနှင့် ဤကွန်ဗန်းရှင်းပါ ပြဌာန်းထားသောကိစ္စရပ်များနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုများ၏ အတိုင်းအတာတို့ကို ထုတ်ဖော်ကြေညာရမည်။ ထို့ပြင်၎င်းတို့၏ ကျွမ်းကျင်မှု အတိုင်းအတာနှင့် ပတ်သက်၍ ခိုင်မာသော မည်သည့်ပြောင်းလဲမှုမျိုးကို မဆို ကွန်ဗန်းရှင်းထိန်းသိမ်း စောင့်ရှောက်သူထံသို့ အကြောင်းကြားရမည်။

**Article 9**

The Secretary-General of the United Nations shall be the depositary of the present Protocol.

**Article 10**

The present Protocol shall be open for signature by signatory States and regional integration organizations of the Convention at United Nations Headquarters in New York as of 30 March 2007.

**Article 11**

The present Protocol shall be subject to ratification by signatory States of the present Protocol which have ratified or acceded to the Convention. It shall be subject to formal confirmation by signatory regional integration organizations of the present Protocol which have formally confirmed or acceded to the Convention. It shall be open for accession by any State or regional integration organization which has ratified, formally confirmed or acceded to the Convention and which has not signed the Protocol.

**Article 12**

1. "Regional integration organization" shall mean an organization constituted by sovereign States of a given region, to which its member States have transferred competence in respect of matters governed by the Convention and the present Protocol. Such organizations shall declare, in their instruments of formal confirmation or accession, the extent of their competence with respect to matters governed by the Convention and the present Protocol. Subsequently, they shall inform the depositary of any substantial modification in the extent of their competence.

၂။ ဤကွန်ဗန်းရှင်းပါ ရည်ညွှန်းထားသော အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ကျွမ်းကျင်မှု အကန့်အသတ်အတွင်းမှ အဆိုပါအဖွဲ့အစည်းမျိုးများသို့ ပါဝင်ရန်လျှောက်ထားရမည်။

၃။ ဤကွန်ဗန်းရှင်း အပိုဒ်(၁၃) စာပိုဒ် ၁-၂နှင့် အပိုဒ်(၁၅) စာပိုဒ်၂ တို့၏ အကျိုးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများက တင်သွင်းသောမည်သည့် စာချုပ်စာတမ်းကိုမျှ ထည့်သွင်းစဉ်းစားခြင်းမပြုရ။

၄။ ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ပတ်သက်သောကိစ္စရပ်များတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများသည် အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ၌ ၎င်းတို့၏ မဲဆန္ဒပေးပိုင်ခွင့်ကို အသုံးပြုနိုင်သည်။ ယင်းသို့ဆန္ဒမဲပေးရာတွင် ဆန္ဒမဲအရေအတွက်သည် ဤကွန်ဗန်းရှင်း၏ အဖွဲ့ဝင်လည်းဖြစ်ပြီး ၎င်တို့၏ အဖွဲ့ဝင်လည်းဖြစ်သော နိုင်ငံအရေအတွက်နှင့် တူညီရမည်။အကယ်၍ ယင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ဤမဲဆန္ဒပေးပိုင်ခွင့်ကို အသုံးပြုလျှင် အပြန်အလှန်အားဖြင့် အဆိုပါအဖွဲ့စည်းသည် ယင်းမဲဆန္ဒပေးပိုင်ခွင့်ကို အသုံးမပြုရ။

## အပိုဒ် (၁၃)

၁။ ဤကွန်ဗန်းရှင်းသည် အတည်ပြုချက် (သို့) သဘောတူချက် အထောက်အထား ၁၀-ခုမြောက် (နိုင်ငံ၁၀ခုမြောက်) တင်သွင်းပြီးနောက် ရက် ၃၀ ပြည့်သည့်နေ့တွင် စတင်အာဏာသက်ရောက်သည်။

၂။ အဆိုပါကွန်ဗန်းရှင်း ၁၀-ခုမြောက်တင်သွင်းပြီးနောက် ဤကွန်ဗန်းရှင်းကို အတည်ပြုခြင်း၊ တရားဝင်ခိုင်မာစေခြင်း(သို့) တရားဝင်လက်ခံခြင်းပြုသော နိုင်ငံတစ်ခုစီအတွက် အဆိုပါနိုင်ငံက ယင်းသို့အတည်ပြု၊ သဘောတူ၊ လက်ခံကြောင်း အထောက်အထားစာချုပ် တင်သွင်းပြီးနောက်ရက် ၃၀ ရက်ပြည့်မြောက်သည့်နေ့တွင် ဤကွန်ဗန်းရှင်း စတင်အာဏာသက်ရောက်သည်။

2. References to “States Parties” in the present Protocol shall apply to such organizations within the limits of their competence.

3. For the purposes of article 13, paragraph 1, and article 15, paragraph 2, of the present Protocol, any instrument deposited by a regional integration organization shall not be counted.

4. Regional integration organizations, in matters within their competence, may exercise their right to vote in the meeting of States Parties, with a number of votes equal to the number of their member States that are Parties to the present Protocol. Such an organization shall not exercise its right to vote if any of its member States exercises its right, and vice versa.

**Article 13**

1. Subject to the entry into force of the Convention, the present Protocol shall enter into force on the thirtieth day after the deposit of the tenth instrument of ratification or accession.

2. For each State or regional integration organization ratifying, formally confirming or acceding to the present Protocol after the deposit of the tenth such instrument, the Protocol shall enter into force on the thirtieth day after the deposit of its own such instrument.

**အပိုဒ် (၁၄)**

၁။ ဤကွန်ဗန်းရှင်း၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုမရှိသောခြွင်းချက်များကို ခွင့်ပြုလိမ့်မည် မဟုတ်။

၂။ ခြွင်းချက်များကို အချိန်မရွေးပယ်ဖျက်နိုင်သည်။

**အပိုဒ်(၁၅)**

၁။ မည်သည့် အဖွဲ့ဝင်နိုင်ငံမဆို ဤကွန်ဗန်းရှင်းအတွက် ပြင်ဆင်ချက် တစ်ရပ်ကို အဆိုပြုနိုင်သည်။ ယင်းအဆိုပြုချက်ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်း ရေးမှူးချုပ်ထံ တင်သွင်းရမည်။ အထွေထွေအတွင်းရေးမှူးချုပ်က မည်သည့်ပြုပြင်ဆင်ချက် အဆိုနှင့်ပတ်သက်၍မဆို ယင်းအဆိုပြုချက်ကို အဖွဲ့ဝင်နိုင်ငံ၏ ညီလာခံတွင် စဉ်စား ဆုံးဖြတ်ရန် သင့်မသင့်ကို အဖွဲ့ဝင်နိုင်ငံများအား ဆက်သွယ်အကြောင်းကြားရမည်။ ထိုသို့အကြောင်းပြီးသည့်နေ့မှစ၍ (၄) လအတွင်း အဖွဲ့ဝင်နိုင်ငံများ၏ အနည်းဆုံး (၃)ပုံ (၁)ပုံက ညီလာခံခေါ်ယူရန် သဘောတူလျှင် အထွေထွေအတွင်းရေးမှူးချုပ်က ကုလ သမဂ္ဂအဖွဲ့၏ အကူအညီဖြင့် အဆိုပါအဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံကို ကျင်းပပေး ရမည်။ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံအများစု၏ ၃ ပုံ ၂ ပုံကဆန္ဒမဲပေး၍ ချမှတ်ခဲ့သော မည်သည့်ပြင်ဆင်ချက်မျိုးကိုမဆို အတည်ပြုချက်ရယူရေးအတွက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က အထွေအထွေညီလာခံသို့ တင်သွင်းရမည်။ ထို့နောက် ယင်းပြင်ဆင်ချက်ကို လက်ခံရေးအတွက် အဖွဲ့ဝင်နိုင်ငံများသို့ တင်ပြရမည်။

၂။ ဤပြဌာန်းချက်စာပိုဒ်(၁)နှင့်အညီ ချမှတ်အတည်ပြုခဲ့သော မည်သည့်ပြင်ဆင် ချက်မျိုးကိုမဆို ပြင်ဆင်ချက်ချမှတ်သည့်နေ့၌ လက်ခံကြောင်းတင်သွင်းသည့် အထောက် အထားအရေအတွက်သည် အဖွဲ့ဝင်နိုင်ငံများ၏ အရေအတွက် ၃ ပုံ ၂ ပုံအထိ ပြည့်မီပြီးသည့်နေ့၏ နောက်ရက် ၃၀ ရက်မြောက်နေ့တွင် စတင်အာဏာ သက်ရောက် သည်။ ထို့နောက်ယင်းပြင်ဆင်ချက်သည် မည်သည့်အဖွဲ့ဝင်နိုင်ငံတွင်မဆို လက်ခံ

## Article 14

1. Reservations incompatible with the object and purpose of the present Protocol shall not be permitted.

2. Reservations may be withdrawn at any time.

## Article 15

1. Any State Party may propose an amendment to the present Protocol and submit it to the Secretary-General of the United Nations. The Secretary-General shall communicate any proposed amendments to States Parties, with a request to be notified whether they favour a meeting of States Parties for the purpose of considering and deciding upon the proposals. In the event that, within four months from the date of such communication, at least one third of the States Parties favour such a meeting, the Secretary-General shall convene the meeting under the auspices of the United Nations. Any amendment adopted by a majority of two thirds of the States Parties present and voting shall be submitted by the Secretary-General to the General Assembly of the United Nations for approval and thereafter to all States Parties for acceptance.

2. An amendment adopted and approved in accordance with paragraph 1 of this article shall enter into force on the thirtieth day after the number of instruments of acceptance deposited reaches two thirds of the number of States Parties at the date of adoption of the amendment. Thereafter, the

ကြောင်း ယင်းနိုင်ငံက တင်သွင်းသည့်နေ့၏ နောက်ရက်ပေါင်း ၃၀ ပြည့်သည့်နေ့တွင် စတင်အာဏာသက်ရောက်သည်။ ယင်းပြင်ဆင်ချက်တစ်ရပ်သည် ယင်းကို သဘောတူလက်ခံသော နိုင်ငံ၌သာလျှင် အာဏာသက်ရောက်စေရမည်။

**အပိုဒ်(၁၆)**

အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤကွန်ဗန်းရှင်းအဖွဲ့ဝင် နိုင်ငံအဖြစ်မှ ရပ်စဲလိုကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံစာဖြင့် အကြောင်းကြားနိုင်သည်။ ဤသို့ရပ်စဲခြင်းသည် အထွေထွေအတွင်းမှူးချုပ်ထံမှ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ (၁) နှစ်အကြာတွင် အကျိုးသက်ရောက်စေရမည်။

**အပိုဒ်(၁၇)**

ဤကွန်ဗန်းရှင်းပါ အကြောင်းအရာများကို အလွယ်တကူဖတ်ရှုလေ့လာနိုင်သောပုံစံဖြင့်ရေးသားထားပါသည်။

**အပိုဒ်(၁၈)**

အာရပ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန်ဘာသာစကားဖြင့် ရေးသားထားသော ဤကွန်ဗန်းရှင်း၏ အကြောင်းအရာများသည်လည်း တန်းတူညီမျှ စစ်မှန်သောသဘောအဓိပ္ပာယ်ကိုဆောင်ရမည်။

ဤကွန်ဗန်းရှင်းနှင့် ပတ်သတ်၍ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ အာဏာကုန် လွှဲအပ်ခြင်းခံရသူများက သဘောတူကြောင်း သက်သေအဖြစ် အောက်တွင်လက်မှတ်ရေးထိုးကြသည်။

amendment shall enter into force for any State Party on the thirtieth day following the deposit of its own instrument of acceptance. An amendment shall be binding only on those States Parties which have accepted it.

**Article 16**

A State Party may denounce the present Protocol by written notification to the Secretary-General of the United Nations. The denunciation shall become effective one year after the date of receipt of the notification by the Secretary-General.

**Article 17**

The text of the present Protocol shall be made available in accessible formats.

**Article 18**

The Arabic, Chinese, English, French, Russian and Spanish texts of the present Protocol shall be equally authentic.

OIN WITNESS THEREOF the undersigned plenipotentiaries, being duly authorized thereto by their respective Governments, have signed the present Protocol.